ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ စနေနေ့၊ (16-2-2008) (၅၅၉၅)

ပူဇာစ ပူဇ နေယျာနံ ဧတံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၇နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး(မြို့ပြ) ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများက မူလလေယာဉ်ပြေးလမ်း အရွယ်အစားပေ ၈၁၀၀ x၂၀၀ နှင့် မူလ လေယာဉ်သွားလမ်း အရွယ်အစား ပေ ၈၁၀၀ x ၁၀၀ ၌ တိုးချဲ့ လေယာဉ်ပြေးလမ်း အရွယ်အစား ပေ ၃၁၀၀ x ၂၀၀ နှင့် တိုးချဲ့ လေယာဉ်သွားလမ်း အရွယ်အစား (Taxi Way) ၃၃၄၅ xပေ ၁၀၀ တို့ကို တိုးချဲ့ဆောင်ရွက်နေမှုအပါအဝင် စီမံကိန်းဆိုင်ရာ အချက်အလက်များ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အဆင့်အတန်းနှင့် အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းမီ တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တိုးချဲ့လေယာဉ်ပြေးလမ်း၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

ပါကစ္စတန်ရွေးကောက်ပွဲအကြိုကာလ အကြမ်းဖက်မှု အရှိန်မြင့်အပါအဝင် အမေရိကန်၊ တူရကီ၊ သီရိလင်္ကာ တို့မှ သတင်းများ စာမျက်နှာ-၄၊၅

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)၏ "ဧည့်ဝတ်မှာ သာတဲ့လ" ဆောင်းပါး စာမျက်နှာ-၆၊၇

ဖိအားတွေများလာတဲ့ မန်ယူနဲ့ ခြေထက်နေတဲ့ အာဆင်နယ် ထိပ်တိုက်တွေ့တဲ့ FA CUP စာမျက်နှာ-၈

ဖေဖော်ဝါရီ ၁၆ ရက် ညနေအထိ မိုးလေဝသ ခန့်မှန်းချက်

တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန် တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရွာနှုန်း (၆၀)ဖြစ်သည်။

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်း တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၆-၂-၂၀၀၈
(စနေနေ့)

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး အလေးထား

ယနေ့ကမ္ဘာတွင် မြေ၊ ရေ၊ လေ၊ ရာသီဥတုစသည့် သဘာဝပတ်ဝန်းကျင်၊ သစ်ပင်ပန်းမန် တိရစ္ဆာန်စသည့် သက်ရှိဇီဝဆိုင်ရာ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ပတ်ဝန်းကျင်တို့ တဖြည်းဖြည်း ယိုယွင်းပျက်စီးလျက်ရှိသည်။ လူသားတို့က သဘာဝသယံဇာတများ မဆင်မခြင်ထုတ်ယူသုံးစွဲခြင်း၊ စားသုံးမှုအမျိုးမျိုး၊ ထုတ်လုပ်မှုအထွေထွေတို့မှ အမှိုက်သရိုက် ရေဆိုးရေညစ်များ စွန့်ပစ်ခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင် ယိုယွင်းလာခြင်းဖြစ်သည်။

စက်ရုံအလုပ်ရုံများ၊ မော်တော်ယာဉ်စက်ယန္တရားများမှထွက်ရှိသော မီးခိုးများ၊ ဓာတ်ငွေ့များသာမက ဖုန်မှုန့်၊ ဆေးလိပ်ငွေ့၊ ညှော်နံ့စသည့် မကောင်းသောအနံ့ အငွေ့အသက်များသည် လေထုညစ်ညမ်းစေပြီး လူတို့၏ ကျန်းမာရေးနှင့် အပင်၊ တိရစ္ဆာန်တို့ကို ထိခိုက်ပျက်စီးစေသည်။

မသန့်ရှင်းသော သောက်သုံးရေနှင့် မသန့်ရှင်းသော ရေအိမ်များကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် ကလေးသူငယ်များ အပါအဝင် လူငါးသန်းခန့် ရောဂါအမျိုးမျိုးဖြစ်ပွားပြီး သေဆုံးကြရသည်။ မြို့များ၊ ရွာများသည် မြစ်၊ ချောင်း၊ ကမ်းနဖူးတွင် ရေအိမ်များ တည်ဆောက်ထားခြင်း၊ မြစ်ရေ၊ ချောင်းရေဖြင့် လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းတို့ကြောင့် ရေညစ်ညမ်းမှု ဖြစ်နိုင်သည်ကို သတိပြုရှောင်ရှားကြရမည်ဖြစ်သည်။

စက်မှုလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ဓာတုဆိုင်ရာလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် အမှိုက်များတွင် အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများ၊ သက်ရှိသက်မဲ့တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ပစ္စည်းများပါဝင်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် နေအိမ်၊ တိုက်တာ၊ ဆေးရုံ၊ ကျောင်း၊ ဈေး၊ စက်ရုံအလုပ်ရုံ၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်သော ပစ္စည်းများကြောင့်လည်း မြေပြင်ညစ်ညမ်းမှုကို ဖြစ်ပေါ်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။

သစ်ပင်၊ သစ်တောများသည် လူတို့အတွက် အသုံးဝင်သည့် ပစ္စည်းများကို ဖြည့်စွမ်းပေးသည်သာမက ရာသီဥတုကို ညီညွတ်မျှတစေပြီး သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးသောကြောင့် သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များတည်ငြိမ်ရေး အလေးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

လေညစ်ညမ်းမှု၊ ရေညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှုစသည်တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကို ဖြစ်ပေါ်စေသဖြင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ် တည်မြဲတိုးတက်ကောင်းမွန်နေမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ၁၃၆၉ ခုနှစ် တပို့တွဲလ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲ တွင် အဆိုပါ စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ် မင်္ဂလာမုခ်ဦး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရှေးဦးစွာသန်လျင်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်ဦး၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်နှင့် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)တို့က သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညိုကြ၍ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) ၁၉၉၄-၂၀၀၇ ပညာသင်နှစ် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၂ရက် နံနက် ၉ နာရီတွင် ဆရာစံပလာဇာ တာဝါဘီ ပထမထပ်၊ ဗဟန်းမြို့နယ်၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ကိုစိုးဝင်းသိန်း ဖုန်း-၀၉ ၅၀၁၂၈၅၈၊ ကိုမိုးလွင် ဖုန်း-၀၉ ၅၁၂၉၁၃၁၊မသဇင် ဖုန်း-၂၉၈၂၂၄၊ မလဲ့လဲ့ယု ဖုန်း-၀၆၇ ၄၂၀၄၂၈၊ မအေးမင်းမြတ် ဖုန်း-၀၉ ၅၁၇၄၅၀၇၊ မြတ်လင်းကို ဖုန်း-၀၉ ၅၃၅၀၂၅၇၊ ညိုမီလှိုင် ဖုန်း-၅၆၄၀၆၁၊ကိုတင်မောင်နီ ဖုန်း-၀၉ ၅၁၄၆၆၅၇ နှင့် ကိုကိုလတ် ဖုန်း-၂၂၈၈၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများဖြစ်သော ဦးလှသောင်း-ဒေါ်အုန်းမေ၊ ဦးမြလှိုင်-ဒေါ်ခင်ညွန့်နှင့် အစ်မကြီး ဒေါ်မြင့်မြင့်လှိုင်တို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ် ကျီတော်လမ်းနေ ရဲမှူးကြီးဦးအောင်ခိုင်(ငြိမ်း)၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဦးအောင်ခိုင် ရဲမှူးကြီး(ငြိမ်း)-ဇနီး ဒေါ်စန်းမြိုင် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်သုဝဏ္ဏာလင်္ကာရ (ဘုံဘော) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်နှင့် ကိုရီးယားဧည့်အဖွဲ့ တို့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ကိုရီးယားသမ္မတနိုင်ငံ Choonam National University မှ Department of Education Professor, Mr. Hojsook Kim ခေါင်းဆောင်၍ စိုက်ပျိုးရေး IT ပါမောက္ခများ ပါဝင်သော အဖွဲ့ဝင်ငါးဦးတို့သည် ဖေဖော်ဝါရီ ၆ ရက်တွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး ကိုရီးယား ဘာသာစကားသင်တန်းဖွင့်လှစ်သင်ကြားနေမှုကိစ္စ၊ ကိုရီးယားဘာသာစကား စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ မြန်မာ-ကိုရီးယား အဘိဓာန်ပြုစုရန်နှင့် ဖြန့်ဖြူးရန်ကိစ္စ၊ ဇီဝဓာတ်မြေဩဇာထုတ်လုပ်မှု နည်းပညာဆိုင်ရာကိစ္စနှင့် မျိုးဆက်သစ် တောင်သူလယ်သမားများအား ပညာပေးသင်တန်းများ ပြုလုပ်ပေးနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စတို့ကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) သန္တာ၁-၂ လမ်းနေ ဒေါက်တာသုဇေ-ဒေါက်တာခင်အေးသန့်တို့၏ မင်္ဂလာဦး အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ဘက်စုံငွေပဒေသာပင်နှင့် ဆွမ်းတစ်ရက်စာ အလှူငွေကျပ် ၁၁၅၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံစဉ်။ (သတင်းစဉ်)

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

❖ ရှေ့ဖုံးမှ

ငါးလက်မထု ကတ္တရာကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ တိုးချဲ့လေယာဉ်သွားလမ်း၌ ၁၂ လက်မအထူ ကွန်ကရစ်ခင်းကျင်းနေမှု၊ သတ်မှတ်အမြင့်အထိ မြေသားတာပေါင်ဆောင်ရွက်ပြီးစီးမှုအပါအဝင် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းစီမံကိန်းပြီးစီးပါက စုစုပေါင်းလေယာဉ်ပြေးလမ်းအရွယ်အစား ပေ ၁၁၂၀၀ X ၂၀၀ နှင့် လေယာဉ်သွားလမ်းအရွယ်အစား ပေ ၁၁၂၀၀ X ၁၀၀ ရှိမည်ဖြစ်ပြီး လေယာဉ်စီးခရီးသည်များ၏ ပြည်တွင်း၊ပြည်ပခရီးသွားလာမှု ပိုမိုလျင်မြန်သွက်လက်လာရုံမက ပြည်တွင်း၊ပြည်ပကုန်စည်စီးဆင်းမှုများလည်း ပိုမိုသွက်လက်မြန်ဆန်လာနိုင်မည်ဖြစ်သည်။

ယခုလုပ်ငန်းပြီးစီးမှုအဖြစ် တိုးချဲ့လေယာဉ်သွားလမ်း မြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်း ၈၄ ရာခိုင်နှုန်း၊ တိုးချဲ့လေယာဉ်သွားလမ်းနှင့် လေယာဉ်အမြန် ဝင်ထွက်လမ်းတို့၌ ၁၂ လက်မထု ကွန်ကရစ်အောက်ခံလွှာခင်းခြင်းလုပ်ငန်း လေးရာခိုင်နှုန်း၊ တိုးချဲ့လေယာဉ်သွားလမ်းအောက်ရှိ ကွန်ကရစ်ရေမြောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်း ၇၅ ရာခိုင်နှုန်းနှင့် တိုးချဲ့လေယာဉ်ပြေးလမ်းနှင့် လေယာဉ်သွားလမ်းကြားရှိ ကွန်ကရစ်ရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း ၁၂ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိဘကျေးဇူးဆပ် ဓမ္မသဘင် ကျင်းပမည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

ရန်ကုန်မြို့ ကမ္ဘာအေး အမှတ်(၈)ရပ်ကွက် ရေကူးဘူတာလမ်းနေ ဦးသောင်းရွှေ–ဒေါ်တင်ညွန့်တို့အား ရည်စူး၍ ပျံလွှား ငရတ်ဆီမိသားစု၏ မိဘကျေးဇူးဆပ် ဓမ္မသဘင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၂ ရက် ညတွင် အရှင်ဂုဏ်နန္ဒ(ဆင်ဖြူတောင်ဆရာတော်)၊ ၂၃ ရက်ညတွင် အရှင်ဇဝန(ပဲခူး)(စံရိပ်ငြိမ်ဆရာတော်)၊ ၂၄ ရက်ညတွင် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရဆရာတော်) အရှင်သူမြတ်တို့က တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြည်ထောင်စုနေ့ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်　ဖေဖော်ဝါရီ　၁၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ နောက်ဆုံးနေ့ သီဆိုကပြဖျော်ဖြေပွဲကို ယမန်နေ့ ည ၇ နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမဝင်းအတွင်းရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပရာ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အလှဖြာဝေပုပ္ပားမြေ" သရုပ်ဖော်အက၊ ကယားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က "ကလူဒူအီလေ့(ခ)ဖားစည်အက"၊ ကရင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က "ပင်လုံသက်သေဒုံးအက၊ ချင်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က "ပြည်ထောင်စုရဲ့ နှလုံးသား" သရုပ်ဖော်အက၊ မွန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က "မွန်စလိုင်ယိမ်းအက"၊ ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့က "ရသစုံလီ ရခိုင်စာပီ" သရုပ်ဖော်အက၊ ရှမ်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့က "အမွေများရဲ့ ဒို့သက်သေ"၊ "ဖွံ့ဖြိုးဝေစည်မောတို့ပြည်"နှင့် "ဝိုင်းဝန်းကြစို့" သရုပ်ဖော်အက၊ တနင်္သာရီတိုင်း ယဉ်ကျေးမှုအဖွဲ့က "သွေးချင်းတို့ဆောင်နွဲ မုန်းနဲပွဲ" သရုပ်ဖော်အက၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စည်းလုံးစို့လေ သွေးချင်းတို့ပြည်" သရုပ်ဖော်အကတို့ဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ နောက်ဆုံးနေ့ သီဆိုကပြဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

၂၀၀၈ မြန်မာ့ပရိဘောဂပြပွဲ

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

၂၀၀၈ခုနှစ် မြန်မာ့ပရိဘောဂပြပွဲကို မတ် ၃ ရက်မှစ၍ မတ် ၇ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြပွဲ၌ ရန်ကုန်မြို့ရှိ နာမည်ကြီး ပရိဘောဂဆိုင်ကြီးများဖြစ်ကြသော Sinma၊ ချမ်းမြေ့သာ၊ ရွှေမှီ၊ အောင်စည်မိုး၊ မြင့်မြန်မာနှင့် ပစ်တိုင်းထောင် ပရိဘောဂဆိုင် စသည်တို့ ပါဝင်ပြသကြမည်ဟု သိရသည်။

အဆိုပါပြပွဲနေ့များ၌ လာရောက်ကြည့်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်ရာ ပရိဘောဂများကို စိတ်ကြိုက်ရွေးချယ်ကာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အသိပညာပေး ဟောပြောပွဲကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းသူ ၂၀၊ အဆင့်မြင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသူ ၂၃ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၁/၅၂/၅၃)တို့မှ သင်တန်းသူ ၁၄၃ ဦး စုစုပေါင်း သင်တန်းသူ ၁၈၆ ဦးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ပါမောက္ခ ဒေါ်တင်ရီက **"အသီးတစ်ရာ အညှာတစ်ခု မျိုးနွယ်စုများအကြောင်း"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်လဘန်ခွန်က **"အမျိုးသမီးများ၏ ခန္ဓာဗေဒဖွဲ့စည်းပုံနှင့် ဖြစ်လေ့ရှိသော ပြဿနာများ"** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဆင့်မြင့် အိမ်တွင်းမှု သင်တန်းသူများ၏ စက်ချုပ်ဘာသာရပ် လက်တွေ့ချုပ်လုပ်နေမှုများ၊ အဆင့်မြင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းသူများ၏ ကြိမ်ဘာသာရပ် လက်တွေ့သင်ယူမှုများ၊ ဝါးဘာသာရပ် လက်တွေ့သင်ယူမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဝတ္ထု၊ကဗျာ၊ဆောင်းပါး၊ကာတွန်းများ ရေးသားပေးပို့နိုင်

နေပြည်တော်　ဖေဖော်ဝါရီ　၁၅

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ဧပြီ ၇ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကျင်းပမြဲဖြစ်ပြီး နှစ်စဉ်ဆောင်ပုဒ်တစ်ခုရွေးချယ်ကာ တစ်နှစ်တာအတွင်း ဦးစားပေးလုပ်ဆောင်ရန် ကမ္ဘာ့နိုင်ငံများအား နှိုးဆော်လေ့ရှိသည်။ ယခုနှစ်အတွက် ရွေးချယ်ထားသော ဆောင်ပုဒ်မှာ "Protecting Health from Climate Change" **"ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက်သတိပြု"**ဟူ၍ ဖြစ်သည်။ အဆိုပါဆောင်ပုဒ်ကိုမှီ၍ ဝတ္ထု၊ ကဗျာ၊ဆောင်းပါး၊ ကာတွန်းများရေးသားပြီး မတ် ၁၀ရက်နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး ကျန်းမာရေးပညာ၊ ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

သန်လျင် ထန်းနှစ်ပင် အမက အာစရိယပူဇော်မည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၅

သန်လျင်မြို့ အခြေခံပညာမူလတန်းကျောင်း(ထန်းနှစ်ပင်)၏ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဦးဆောင်၍ ပထမအကြိမ် သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ယင်းကျောင်းခန်းမဆောင်၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြရန်နှင့် အလှူငွေများကို ပူဇော်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်း(စေတနာဘာဘူ)ဖုန်း–၀၉၅၀၁၄၈၀၆၊ ၀၅၆–၂၂၀၄၃၊ ဒေါ်ဝင်းသန္တာဦး(အတွင်းရေးမှူး)ဖုန်း–၀၉၅၀ ၀၉၃၁၀၊ ဦးမောင်မောင်ဆွေ(ဘဏ္ဍာရေးမှူး)ဖုန်း–၀၅၆–၂၁၄၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။ မြဝတီအဖွင့်
၁၂:၀၅	၂။ အဖွင့်သီချင်း
၁၂:၁၀	၃။ မျိုးချစ်တပ်မတော်
၁၂:၂၅	၄။ ကျန်းမာသုတ
၁၂:၃၀	၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အချိတ်အဆက်"** (လူမင်း၊ ဇာနည်၊ ခိုင်သင်းကြည်)
၁:၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၂၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၅။ မျိုးချစ်တပ်မတော်
၄:၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၅၀	၇။ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပို့ချချက် (မြန်မာစာ)
၅:၂၀	၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒီလှိုင်းနဲ့အတူ" (အပိုင်း–၂၀)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ လူရွှင်တော်ရွှေဖလား
	၁၉။ English Usage
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်ချစ်သူရဲကောင်း" (အပိုင်း–၃၄)**
	၂၂။ FA CUP ဘောလုံးပွဲ Manchester United & Arsenal(Live)
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဒုံးပျံများ၊ ဂြိုဟ်တုများ အာကာသအတွင်း လွှတ်တင်ကြရာမှ တဖြည်းဖြည်းအာကာသလက်နက်ပြိုင်ဆိုင်မှုအဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ ပုံတွင် ဒုံးကျည်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အာကာသအတွင်း လက်နက်ဖြန့်ကြက်မှု ပိတ်ပင်ရေး တရုတ်နှင့်ရုရှား အဆိုပြုချက်မူကြမ်း တင်သွင်း

ဂျီနီဗာ ဖေဖော်ဝါရီ ၁၄

အာကာသအတွင်း လက်နက်များ ဖြန့်ကြက်မှု တားဆီးပိတ်ပင်သည့် နိုင်ငံတကာစာချုပ်ဆိုင်ရာ ပူးတွဲအဆိုပြုချက်တစ်ရပ်ကို တရုတ်နှင့်ရုရှားနိုင်ငံတို့က ကုလသမဂ္ဂ ကမကထပြုသည့် လက်နက်ဖျက်သိမ်းရေး ညီလာခံသို့ အင်္ဂါနေ့က တင်သွင်းသည်။

အာကာသတွင် လက်နက်များထားရှိမှု ကာကွယ်ရေး၊ အာကာသရှိပစ္စည်းများကို အင်အားသုံး သို့တည်းမဟုတ် ခြိမ်းခြောက်မှုဆိုင်ရာ စာချုပ်မူကြမ်း (ပီပီဒဗလျူတီ)ကို လက်နက်ဖျက်သိမ်းရေး ညီလာခံ စုံညီအစည်းအဝေးတွင် တင်သွင်းခဲ့သည်။ ယင်းညီလာခံသည် လက်နက်ဖျက်သိမ်းရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည့် နိုင်ငံတကာ အစည်းအဝေးတစ်ခုဖြစ်သည်။

အဆိုပါ ပီပီဒဗလျူတီမူကြမ်းတွင် အာကာသအတွင်း လက်နက်မျိုးစုံ ဖြန့်ကြက်မှုနှင့် အာကာသရှိ ပစ္စည်းများကို အင်အားသုံး၍ ခြိမ်းခြောက်မှု၊ အသုံးပြုမှုတို့ကို တားမြစ်ပိတ်ပင်ထားသည်ဟုရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီ လက်ဗရော့က စုံညီအစည်းအဝေးတွင် ပြောကြားသည်။ အဆိုပါ စာချုပ်က နိုင်ငံတကာ အာကာသဥပဒေရှိ ဟာကွက်များကိုဖယ်ရှားထားပြီးအာကာသ စူးစမ်းအသုံးပြုရေး၊ အာကာသရှိ အဖိုးတန်ပစ္စည်းများ ထိန်းသိမ်းရေး၊ လုံခြုံရေးခိုင်မာရေးနှင့် လက်နက်အပြိုင်တပ်ဆင်မှုထိန်းချုပ်ရေးစသည့်စည်းကမ်းချက်များကို ရေးသားထားသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရားမဝင်ပြောင်းရွှေ့သူ ၁၁၀၀၀၀ တူရကီ ဖမ်းဆီး

အန်ကာရာ ဖေဖော်ဝါရီ ၁၄

တူရကီနိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလမှစ၍ နိုင်ငံတွင်းသို့ တရားမဝင် ပြောင်းရွှေ့လာသူများကို ထိန်းသိမ်းလျက်ရှိရာ ၁၁၀၀၀၀မျှဖမ်းဆီးရမိပြီဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖော်ပြသည်။ လွန်ခဲ့သည့်ငါးနှစ်ကျော်ကာလကတည်းက တူရကီလုံခြုံရေးတပ်ဖွဲ့များသည် တရားမဝင် ပြောင်းရွှေ့လာသူများကို အရေးယူမှုများ ပြုလုပ်ခဲ့သည်။ အရေးယူခံရသူအရေတွက်မှာ ၁၁၀၀၀၀ ရှိကြောင်း၊ ထိန်းသိမ်းခံရသူများအနက် ၁၆၇၀၀၀ ဦးသည် ရာဇဝတ်မှုများနှင့် မကင်းသူများဖြစ်ကြောင်း တူရကီကမ်းခြေစောင့်တပ်မှူး ရေတပ်ဗိုလ်ချုပ်ကြီး ကန်အီရီနိုဂလူ၏ ပြောကြားချက်ကို ကိုးကားပြီး သတင်းတွင် ဖော်ပြသည်။

လူကုန်ကူးခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ လူကုန်ကူးခြင်းပြဿနာနှင့် ဆက်နွှယ်၍ မူးယစ်ဆေးဝါးမှောင်ခိုမှုကဲ့သို့သော ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုတို့ ဖြစ်ပေါ်လာကြောင်း၊ နယ်စပ်ဖြတ်ကျော်ခွင့်အတွက် လူမှောင်ခိုများကို ပေးဆောင်ရန် အခကြေးငွေကို ရရှိရန် နိုင်ငံဖြတ်ကျော်ပြောင်းရွှေ့လာသူများသည် ရာဇဝတ်မှုများ မကြာခဏ ကျူးလွန်ကြကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဥရောပနိုင်ငံများတွင် အလုပ်အကိုင်ရရှိရန်အတွက် အာရှနှင့်အာဖရိက ဒေသတို့မှ ပြောင်းရွှေ့လာသူ ထောင်ပေါင်းများစွာတို့သည် တူရကီနိုင်ငံသို့ တရားမဝင် ဝင်ရောက်ပြီး ကြားစခန်းအဖြစ် အသုံးပြုကြသည်။ ထိုမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ခရီးဆက်ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးက လေကြောင်းမှတိုက်ခိုက်မှု ပါလက်စတိုင်းနှစ်ဦးသေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၁၄

ဂါဇာကမ်းမြောင်ဒေသတွင်အရှက်ဦး အချိန်၌ အစ္စရေးနိုင်ငံက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး အပါအဝင် ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ဆေးရုံက တနင်္လာနေ့တွင် ပြောကြားသည်။

ဂါဇာမြို့အရှေ့ပိုင်း အယ်လ်တူဖာ့ချ်ရပ်ကွက်ကိုအစ္စရေးစစ်လေယာဉ်များက ပစ်မှတ်ထား တိုက်ခိုက်ရာ ထင်ရှားသည့် ပါလက်စတိုင်းလွတ်မြောက်ရေးတပ်ဦး(ပီအက်ဖ်အယ်ပီ)မှ ရာမီကာရမ်ဆိုသူ စစ်သွေးကြွတစ်ဦး သေဆုံးခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဂျာဘာလီယာဒုက္ခသည်စခန်းအနီးဒေသကို ပစ်မှတ်ထားပြီး ထိုနောက်သည့်နောက်ထပ်လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် အရပ်သားဆာလာ့ချ်နာဘာဟင်သည် ဒဏ်ရာရပြီး နာရီပိုင်းအကြာ ဖေဖော်ဝါရီ ၁၁ ရက်တွင် သေဆုံးသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်ရွေးကောက်ပွဲအကြိုကာလ အကြမ်းဖက်မှုအရှိန်မြင့် ရွေးကောက်ပွဲ စည်းရုံးရေးယာဉ်တန်း ဗုံးပေါက်ကွဲ၍ နှစ်ဦးသေဆုံး

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆွတ်တောင်ကြားဒေသတွင် ဖေဖော်ဝါရီ ၁၃ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်ရေးယာဉ်တန်း ထိမှန်ခဲ့ကြောင်း၊ ၎င်းဖြစ်ရပ်ကြောင့် လူနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လာမည့် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးအခြေနေအတွက် စိုးရိမ်စရာဖြစ်လာခဲ့သည်။

တည်ငြိမ်မှုမရှိ

ပြီးခဲ့သည့်လများကစ၍ တည်ငြိမ်မှုမရှိသော ယင်းတောင်ကြားဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းကြောင့် တာလီဘန်စစ်သွေးကြွ ရာပေါင်းများစွာသေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာရရှိသည်။

အရှိန်မြင့်လာ

ပါကစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲ အကြိုကာလ၌ အကြမ်းဖက်မှုများ အရှိန်မြင့်လာရာ ဒီဇင်ဘာ ၂၇ ရက်က အတိုက်အခံခေါင်းဆောင် ဘနာဇီရာဘူတို လုပ်ကြံခံရပြီးနောက် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအစီအစဉ်ကို တနင်္လာနေ့ထိတိုင်အောင် ပြုလုပ်နိုင်ခြင်း မရှိသေးချေ။

ဘလူချီစတန် အနောက်တောင်ပိုင်းရှိ ရွေးကောက်ပွဲကော်မရှင်ရုံး အပြင်ဘက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် သတင်းစာဆရာ လေးဦးအပါအဝင် ကိုးဦးဒဏ်ရာရရှိသည်။

၂၂ ဦး သေဆုံး

လွန်ခဲ့သည့် သီတင်းပတ်အတွင်းက ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရွေးကောက်ပွဲ မဲဆွယ်ဟောပြောစဉ် အသေခံ ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်ခြင်းကြောင့် အနည်းဆုံး ၂၂ ဦး သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချဒ်နိုင်ငံ အင်ဂျာမီနာမြို့ သမ္မတနန်းတော်ရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော ချဒ်တပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အိမ်ဖြူတော်ကို ကွန်ဂရက် စိန်ခေါ် ရေမွန်းအောင်လုပ်စစ်ဆေးနည်း တားမြစ်ရန် မဲပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်ကွန်ဂရက်သည် အိမ်ဖြူတော်က ဗီတိုအာဏာသုံးစွဲမည်ဟူသော ခြိမ်းခြောက်မှုကို စိန်ခေါ်လိုက်ကာ စီအိုင်အေမှ အသုံးပြုနေသော ရေမွန်းအောင်လုပ်၍ စစ်ဆေးနည်းနှင့် အခြားပြင်းထန် ကြမ်းတမ်းရက်စက်သော မေးမြန်း စစ်ကြောသည့်နည်းစနစ်များကို တားမြစ်ရန် ဗုဒ္ဓဟူးနေ့က မဲပေးကြသည်။

ပြီးခဲ့သော ဒီဇင်ဘာလက အောက်လွှတ်တော်မှ အတည်ပြုပေးလိုက်သော ထောက်လှမ်းရေးစစ်ဆေးနည်း ဥပဒေမူကြမ်းကို ဒီမိုကရက်တို့ လွှမ်းမိုးထားသော အထက်လွှတ်တော်သည် မဲအရေအတွက် ၅၁–၄၅ဖြင့် ခွင့်ပြုပေးလိုက်သည်။

ရေမွန်းအောင်လုပ်ပြီး စစ်ဆေးနည်းကို လူ့အခွင့်အရေးအဖွဲ့များနှင့် အခြားနိုင်ငံ တော်တော်များများက ညှဉ်းပန်းနှိပ်စက်သောနည်း၊ တရားမဝင်သော လုပ်ရပ်ဟု ရှုတ်ချကြသည်။

သို့သော် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ တိုနီဖရက်နှင့် အကြံပေးပုဂ္ဂိုလ်များက သမ္မတကို ဗီတိုအာဏာ သုံးစွဲရန် ထောက်ခံကြလိမ့်မည်ဟု ပြောသည်။ ထောက်လှမ်းရေး ဥပဒေမူကြမ်း၏ အချို့သော အချက်အလက်များသည်ထက်မြက်သော ထောက်လှမ်းရေးလုပ်ငန်းနှင့် လိုက်လျောညီထွေဖြစ်မှာမဟုတ်ကြောင်း ၎င်းက ပြောသည်။

ရီပတ်ဘလီကန် ပါတီ၏ သမ္မတလောင်းရွေးချယ်ပွဲတွင် ဦးဆောင်နေသူ၊ ညှဉ်းပန်းနှိပ်စက်မှုကို ဆန့်ကျင်သော စည်းမျဉ်းများရေးသားသူ အရီဇိုးနားအထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ယင်းထောက်လှမ်းရေးဥပဒေမူကြမ်းကို ဆန့်ကျင်မဲပေးခဲ့သည်။ စစ်ဆေးမေးမြန်းရာတွင် စီအိုင်အေသည် အမေရိကန်စစ်တပ် လက်စွဲစာအုပ်၏ ဘောင်အတွင်း၌သာ ရှိရမည်ဟု ကန့်သတ်ထားသည်။

ရေမွန်းအောင် စစ်ဆေးနည်းသည် ညှဉ်းပန်း နှိပ်စက်ခြင်းဖြစ်ကြောင်း၊ တရားမဝင်သော စစ်ဆေးနည်းဖြစ်ကြောင်း၊ သို့သော် စီအိုင်အေက စစ်တပ် လက်စွဲစာအုပ်ကို လိုက်နာကျင့်သုံးခြင်းအား တားမြစ်မှာမဟုတ်ကြောင်း မက်ကိန်းက မဲမပေးမီ ပြောကြားခဲ့သည်။

ကန့်သတ်ချက်အသစ်တွင် စီအိုင်အေသည် ဖမ်းဆီးမိသူများကို စစ်ဆေးသောအခါ တပ်စည်းမျဉ်းများကို လိုက်နာရန်လိုအပ်သည်။ ရေမွန်းအောင် စစ်ဆေးခြင်း၊ အဝမ္မ အဝတ်အစားချွတ်စေခြင်း၊ ဝါယာရှော့ရိုက်ခြင်းနှင့် ခွေးများအသုံးပြုခြင် းအပါအဝင် နည်းလမ်းရှစ်မျိုးကို တားမြစ်ပိတ်ပင်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

စီအိုင်အေက မသင်္ကာသူများကို ရေမွန်းအောင်ပြုလုပ်ပြီး စစ်ဆေးသည့် ပုံကြမ်းရေးဆွဲပြထားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နယူးမက္ကဆီကိုတွင် ကလင်တန် အသာရ

နုတ်ထွက်သူ ရှမ်နေးက မက်ကိန်းကို ထောက်ခံ

ဝါရှင်တန်　　ဖေဖော်ဝါရီ　　၁၅

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ နယူးယောက် ဆီနိတ်တာ ဟီလာရီကလင်တန်သည် နယူးမက္ကဆီကိုပြည်နယ်၌ သမ္မတလောင်းရွေးပွဲ ယှဉ်ပြိုင်ဘက် ဘာရက်အိုဘားမားအပေါ် ပွတ်ကာသီကာဖြင့် အနိုင်ရရှိလိုက်ကြောင်း ပါတီတွင်း ရွေးချယ်ပွဲအရာရှိများက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာသည်။

ထိုပြည်နယ်တွင် ကလင်တန်က ထောက်ခံမဲ ၇၃၁၀၅ မဲရရှိပြီး အိုဘားမားက ထောက်ခံမဲ ၇၁၃၉၆ မဲရရှိသည်။ ပါတီတွင်း ကိုယ်စားလှယ် ၂၆ ဦးရှိသည့်အနက် ကလင်တန်က ကိုယ်စားလှယ် ၁၄ မဲကိုရရှိသည်။ ကလင်တန်သည် ဆူပါအင်္ဂါနေ့မှစ၍ ဒေသရှစ်ခုတွင် ဆက်တိုက်ရှုံးနိမ့်လာခဲ့သည့်အတွက် ယခုနယူးမက္ကဆီကိုပြည်နယ်၌ အနိုင်ရရှိလိုက်ခြင်းသည် ကလင်တန်အတွက် တအားပင်ဖြစ်သည်ဟု ဆိုသည်။

ကွင်နီပတ်တက္ကသိုလ်၏ လေ့လာချက်စစ်တမ်းအရ ကလင်တန်သည် အိုဟိုင်းယိုးပြည်နယ်နှင့် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်များ၌လည်း အိုဘားမားကို ဂဏန်းနှစ်လုံးအသာဖြင့် ဦးဆောင်နေကြောင်း စစ်စစ်တွေ့ရှိရသည်ဟုဆိုသည်။ တစ်ဖန် ရီပတ်ဘလီကန်ပါတီဘက်ကိုကြည့်လျှင် မကြာသေးမီက အကြိုအခြေခံ သမ္မတလောင်းရွေးပွဲမှ နုတ်ထွက်သွားသူ မစ်ရှမ်နေးသည် ပါတီတွင်း သမ္မတလောင်းရွေးပွဲ၌ ထိပ်ဆုံးမှအနိုင်ရနေသူ အရီဇိုးနားပြည်နယ် ဆီနိတ်တာ ဂျွန်မက်ကိန်းကို ထောက်ခံကြောင်း၊ ထို့အပြင် ၎င်းအား ထောက်ခံသူများကိုလည်း ဂျွန်မက်ကိန်းအား ထောက်ခံကြရန် တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတလောင်းရွေးပွဲမှ မနုတ်ထွက်မီ ယှဉ်ပြိုင်ဆဲကာလက ဂျွန်မက်ကိန်းနှင့် ခါးခါးသီးသီး အငြင်းပွားမှုများရှိခဲ့သော်လည်း ယခုအခါ ၎င်းအနေဖြင့် မက်ကိန်းကိုထောက်ခံကြောင်း ရှမ်နေး အားပေးလိုက်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံ အီလီနွိုက် ပြည်နယ် မြောက်ပိုင်းတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား သယ်ဆောင်သွားသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

အီလီနွိုက်တက္ကသိုလ်တွင် သေနတ်ပစ်မှုဖြစ်၊ ငါးဦးသေဆုံးပြီး ၁၆ဦးဒဏ်ရာရ

ဝါရှင်တန်　　ဖေဖော်ဝါရီ　　၁၄

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် မြောက်ပိုင်းတက္ကသိုလ်ရှိ စာသင်ခန်းမအတွင်း ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက သေနတ်သမားတစ်ဦးဝင်ရောက်ကာ ပစ်ခတ်သည့်အတွက် ငါးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကိုးလ်ခန်းမဟုခေါ်သော စာသင်ခန်းအတွင်းဖြစ်ပွားသော ပစ်ခတ်မှုတွင် ငါးဦးသေဆုံးပြီး ၁၆ ဦးဒဏ်ရာရရှိသည်ဟု တက္ကသိုလ်ဥက္ကဋ္ဌ ဂျွန်ပီတာက ပြောကြားသည်။ သေနတ်သမားသည် နောက်ပိုင်း၌ ကိုယ့်ကိုယ်ကိုပြန်လှည် ပစ်ခတ်ကာ သေကြောင်းကြံစည်သွားသည်။ ကိုးလ်စာသင်ခန်းမသည် ထိုင်ခုံ ၆၀၀ ဆံ့သော ခန်းမဖြစ်သည်။ မွန်းလွဲ ၃နာရီခန့်တွင် သေနတ်သမားသည် ထိုခန်းမစင်မြင့်ပေါ်ရှိ လိုက်ကာနောက်မှထွက်လာကာ ပစ်ခတ်ခြင်းဖြစ်သည်။ ၎င်းသည် ပိန်ပိန်သွယ်သွယ် လူဖြူအမျိုးသားတစ်ဦးဖြစ်ပြီး အနက်ရောင် ဝတ်ဆင်ထားသည်။

ဘူမိဗေဒဘာသာရပ် သင်ကြားနေချိန်တွင် ယခုကဲ့သို့ ရုန်းရင်းဆန်ခတ်မှု ဖြစ်ပွားသွားခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

သေနတ်သမားသည် အချက်ပေါင်း ၂၀ မှ ၃၀ ခန့်အထိ ကျောင်းသားအုပ်အတွင်းပစ်ခတ်ပြီးနောက် ကိုယ့်ကိုယ်ကို သတ်သေသွားသည်။ အခင်းဖြစ်ပွားချိန်တွင် စာသင်ခန်းအတွင်း၌ ကျောင်းသား ၁၆၀ ခန့်ရှိနေသည်။ သေနတ်ထိမှန်ခံရသူ သုံးဦးသည် ခန်းမအတွင်း၌ပင်သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ဆေးရုံသို့ရောက်ပြီးမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

သတင်းများ၏ ဖော်ပြချက်အရ ၁၆ဦး ဒဏ်ရာရရှိသွားသည့်အနက် ခြောက်ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်းသိရသည်။ သေနတ်သံကြားရပြီး မကြာမီမှာပင် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်။ နှစ်မိနစ် သုံးမိနစ်၌ တိုက်ခိုက်မှုမှာ ပြီးစီးသွားကြောင်း တက္ကသိုလ်နယ်မြေ ရဲတပ်ဖွဲ့ အကြီးအကဲ ဒေါ်နယ်ဂရက်ဒီက ပြောကြားသည်။

သေနတ်သမားက အဘယ်ကြောင့် ပြစ်မှုကျူးလွန်ရသည်ဆိုသည်ကို မသိရသေးဘဲရှိသည်။ ထိုပြစ်မှုကို ၎င်းတစ်ဦးတည်း ကျူးလွန်ကြောင်း ယူဆရသည်ဟု ဆိုသည်။

အခင်းဖြစ်ပွားမှုကြောင့် တက္ကသိုလ်ရှိ စာသင်ကြားရေးလုပ်ငန်း အားလုံးကို ယာယီရပ်ဆိုင်းထားခဲ့သည်။ ရဲတပ်ဖွဲ့က အဆိုပါသေနတ်သမား မည်သူမည်ဝါဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားခြင်း မပြုဘဲထားသည်။

၎င်းသည် အီလီနွိုက်ပြည်နယ် မြောက်ပိုင်းမှ ကျောင်းသားတစ်ဦး မဟုတ်ဘဲ အခြားတစ်နေရာမှ ကျောင်းသားတစ်ဦး ဖြစ်နိုင်သည်ဟု ဆိုသည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ တက္ကသိုလ်သည် ချီကာဂိုမြို့လယ်မှ အနောက်ဘက် ၁၀၅ ကီလိုမီတာ အကွာတွင် တည်ရှိသည်။ ထိုတက္ကသိုလ်သည် ၁၃၃ နှစ်ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ကျောင်းသားပေါင်း ၂၅၀၀၀ ပညာဆည်းပူးလျက်ရှိသည်။ ***အင်တာနက်။***

ဘူတို လုပ်ကြံမှုတွင် ပါဝင်ခဲ့ကြောင်း ဖမ်းဆီးထားသူနှစ်ဦး ဝန်ခံ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၃

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း အတိုက်အခံ ပီပီပီ ပါတီခေါင်းဆောင်ဟောင်း ဘနာဇီယာဘူတိုအား လုပ်ကြံမှုတွင် ပါဝင်သည်ဟု မသင်္ကာသဖြင့် ဖမ်းဆီးထားသူနှစ်ဦးက အမှုတွင် ၎င်းတို့ပါဝင်ကြောင်း ဝန်ခံခဲ့ကြသည်ဟု အေပီသတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်သတင်းတွင် ဖော်ပြသည်။

အမှုတွင် ပါဝင်သူနှစ်ဦးမှာ ရာဖာကတ်ဆိုသူနှင့် ဟတ်စ်နီယန်ဂူးလ်ဆိုသူတို့ဖြစ်သည်။ ၎င်းတို့ကို ရာဝပင်ဒီမြို့ တစ်နေရာစီမှ ဖမ်းဆီးမိခြင်းဖြစ်သည်။

ဘနာဇီယာဘူတိုကို လုပ်ကြံမှုတွင် ပါဝင်ကြောင်း ၎င်းတို့နှစ်ဦးက တရားသူကြီး ချောင်ဒရီ မူဟာမက်တာဖစ် ရှေ့မှောက်တွင် ဝန်ခံခဲ့ကြသည်။

ဘူတိုအား ဗုံးခွဲလုပ်ကြံသူမှာ ဘီလားလ်ဆိုသူဖြစ်ကြောင်း အစစ်ခံခဲ့ကြသည်။

ထို့အပြင် လုပ်ကြံသူများကို တိုက်ခိုက်ရာ၌ အသုံးပြုခဲ့သည့် အသေခံဗုံးဝတ်စုံနှင့် သေနတ်ကို ၎င်းတို့ကပင် ထုတ်ပေးကြောင်း၊ လုပ်ကြံသူနှစ်ဦးသည် ဟတ်စ်နီယန်ဂူးလ်၏ အိမ်တွင် ညအိပ်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

ပါကစ္စတန် ပြည်သူ့ပါတီ ခေါင်းဆောင် ဘူတိုမှာ လုပ်ကြံခံရမှုတွင် ဗုံးအပြင်သေနတ်တို့ဖြင့် တိုက်ခိုက်ခံရသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

သတင်းလျှို့ဝှက်ဖမ်းယူသည့်ပစ္စည်းများကို ဗြိတိန်ဘက်ကင်ဟမ်နန်းတော်မှ ဖယ်ရှားခဲ့ရ

ဒိုင်ယာနာမင်းသမီးသေဆုံးမှု စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ ပြောကြား

လန်ဒန်　　ဖေဖော်ဝါရီ　　၁၄

ဗြိတိသျှဘုရင်မကြီး အယ်လီဇဘတ်၏ ဘက်ကင်ဟမ်နန်းတော်တွင် သတင်းလျှို့ဝှက် ဖမ်းယူသည့်ပစ္စည်းများတပ်ဆင်ထားသဖြင့် ဗြိတိသျှလုံခြုံရေးဝန်ထမ်းများက ရှင်းလင်းမှုများပြုလုပ်ခဲ့ကြောင်း ဘုရင်မကြီး၏ ကိုယ်ရေးအတွင်းဝန်ဟောင်းဖြစ်သူက ဒိုင်ယာနာမင်းသမီးသေဆုံးမှုအပေါ် စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ အင်္ဂါနေ့က ပြောကြားသည်။

ဘုရင့်တော်ဝင်မိသားစုနှင့် ဘုရင်၏ ဝန်ထမ်းများက တယ်လီဖုန်းဖြင့် ပြောကြားမှုများအပေါ် ထောက်လှမ်းရေးများက စစ်ဆေးမှုများပြုလုပ်ပြီး ယင်းအချက်အလက်များကို ယခုအချိန်အထိ လျှို့ဝှက်ထားဆဲဖြစ်သည်ဟု ရောဘတ်ဖယ်လိုဝက်စ်က ပြောကြားသည်။

ဖယ်လိုဝက်စ်သည် အထက်တန်းတော်ဝင်မိသားစု၏ လက်ထောက်တစ်ဦးဖြစ်ပြီး ဒိုင်ယာနာ မင်းသမီးသေဆုံးမှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ဒိုင်ယာနာ၏ချစ်သူ ဒိုဒီအယ်လ်ဖေယက်သို့ အထောက်အထားပေးခဲ့သူဖြစ်သည်။ ဖယ်လိုဝက်စ်က ဒိုင်ယာနာနှင့် ၎င်း၏ချစ်သူ သေဆုံးသည့်ညက ပါရီမြို့တွင် မရှိကြောင်းနှင့် ဒိုင်ယာနာသတ်ဖြတ်မှုတွင် ကူညီခဲ့သည်ဟု စွပ်စွဲချက်များကို မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အစ္စရေးက ဖျက်ဆီးနိုင်ဖွယ်ရှိဟုဆို

လန်ဒန်　　ဖေဖော်ဝါရီ　　၁၄

အစ္စရေးက အီရန်၏ နျူကလီးယားအစီအစဉ်ကို ဖျက်ဆီးမည်ဟု ပင်လယ်ကွေ့နိုင်ငံများက ယုံကြည်နေကြကြောင်း ကူဝိတ်အစိုးရနှင့်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (ဂျေစီစီ)ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အီရန်နိုင်ငံက အဏုမြူဗုံးထုတ်လုပ်ခဲ့ပါက အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံတို့နည်းတူ အစ္စရေးနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ပင်လယ်ကွေ့နိုင်ငံများက ယင်းတို့၏ ဒေသလုံခြုံရေးအာမခံနိုင်ရေးအတွက် နျူကလီးယား အရိပ်အာဝါသအောက်တွင် ပေါင်းစည်းနိုင်ရန် အကူအညီအတောင်းခံရမည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်ဟု အကြံပေးပုဂ္ဂိုလ် ဆာမီအယ်လ်ဖာရက်က ပြောကြားသည်။

အစ္စရေးက အီရတ်နိုင်ငံ အိုစီရက်ရှိ အဏုမြူဓာတ်ပေါင်းဖိုကို ၁၉၈၁ ခုနှစ်က စစ်ရေးအရ တိုက်ခိုက်ခဲ့သည့်ပုံစံမျိုးဖြင့် အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို ဗုံးကြဲတိုက်ခိုက်နိုင်ဖွယ်ရှိသည်ဟု ကူဝိတ် မဟာဗျူဟာလေ့လာရေးဌာန၏ ဥက္ကဋ္ဌဖြစ်သူ အယ်လ်ဖာရက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်းထန်သော ဆောင်းမုန်တိုင်းကြောင့် တရုတ်နိုင်ငံ၌ လူ ၁၀၇ ဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၁၄

လွန်ခဲ့သည့်လက တရုတ်နိုင်ငံ တောင်ပိုင်းဒေသတွင် ရေခဲမိုးများ ရွာသွန်းခြင်းနှင့် ဆီးနှင်းထူထပ်စွာ ကျဆင်းခဲ့ခြင်းကြောင့် လူပေါင်း ၁၀၇ ဦးသေဆုံးခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်ထိ ပျောက်ဆုံးနေသူ ရှစ်ဦးကျန်ရှိနေကြောင်း မြို့တော်ဆိုင်ရာ ဝန်ကြီးလီကျန်ဆူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများဆုံးရှုံးမှုသည် ခန့်မှန်းခြေအားဖြင့် ယွမ် ၁၁၁ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ ဘီလီယံခန့်) ရှိသည်။

ပြည်နယ်အဆင့်ရှိ ဒေသ ၂၁ ခုတို့သည် အဆိုပါသဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ လူပေါင်း ၁ ဒသမ ၅ သန်းခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုကြောင့် ခရီးသည် ၁ ဒသမ ၉၃ သန်း သောင်တင်ခဲ့ရသည်။

ရာသီဥတုဆိုးဝါးစွာဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးမွေးမြူရေးမြေ ဟက်တာ ၂၄ ဒသမ ၄ သန်းနီးပါးပျက်စီးခဲ့ပြီး နေအိမ် ၃၅၄၀၀၀ ခန့် ပြိုကျပျက်စီးခဲ့သည်။

အဆိုးဝါးဆုံးရင်ဆိုင်ရသော ဒေသများသည် ဟူနန်၊ ဂူကျို့၊ ကျင်းစီး၊ အင်ဟူ၊ ဟူဘေး၊ စီကျန်နှင့် စီချွမ် ပြည်နယ်များဖြစ်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာလူ့အခွင့်အရေးအုပ်စု ဘက်လိုက်မှုရှိကြောင်း သီရိလင်္ကာအစိုးရ စွပ်စွဲ

ကိုလံဘို　　ဖေဖော်ဝါရီ　　၁၅

တမီးလ် ကျားသူပုန်အဖွဲ့၏ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် မကြာမီက ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးသေဆုံးခဲ့သည်ဟု အစိုးရကာကွယ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကီဟီလီယာရမ်ဆူကွယ်လာက သတင်းထောက်များသို့ ပြောကြားသည်။ နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများအနေဖြင့် အစိုးရ၏ လုပ်ဆောင်မှုများကို ပြစ်တင်ပြောကြားရာတွင် မြန်ဆန်လှသော်လည်း တမီးကျားသူပုန်များက ကျောင်းသူ၊ ကျောင်းသားများကို သတ်ဖြတ်သည့်ကိစ္စကိုမူ ဝေဖန်ပြောကြားခြင်းမပြုဘဲ ရေငုံနှုတ်ပိတ်နေသည်ဟု ၎င်းကပြောကြားသည်။

ကျားသူပုန် အသေခံဖောက်ခွဲသူတစ်ဦးက ကိုလံဘိုမြို့ရှိ လူစည်ကားရာ ဘူတာရုံတစ်ခုတွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကျောင်းသူ၊ ကျောင်းသားများ အပါအဝင် အရပ်သားများ သေဆုံးခဲ့သည်။

နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများအနေဖြင့် ကျားသူပုန်တို့၏ သတ်ဖြတ်မှုလုပ်ရပ်အပေါ် ဝေဖန်မှုမပြုဘဲ ဘက်လိုက်နေခဲ့ပြီး အချုပ်အခြာအာဏာပိုင်သည့် သီရိလင်္ကာအစိုးရကို ဂုဏ်သိက္ခာကျဆင်းစေရန် ဝေဖန်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဓညဝတီမှာ သာတဲ့လ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မျက်စိခွဲစိတ်ကုသပြီး လူနာများအား အားပေးစကား ပြောကြားစဉ်။

၂၀၀၈ ဇန်နဝါရီလ ၂၈ ရက်။

ဟေမန်ဆောင်းလရာသီမို့ငွေနှင်းများကဝေနေဆဲ။ မင်းလွင်မြူခိုးတို့ကဆိုင်းနေဆဲ။ နေမင်း၏ နံနက်ခင်းအလင်းရောင်အောက်ဝယ် အချို့အချို့သော ရောင်ခြည်တန်းများက ရွှေခြည်ငွေခြည်မျှင်များလို လင်းလက် တောက်ပနေပေသည်။ ဤကြည်နူးဖွယ် မင်္ဂလာ နံနက်ခင်းအချိန်တွင် ကျွန်မတို့သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိခဲ့ရပြန်ပေသည်။

စစ်တွေမြို့ဟု ဆိုလိုက်သည်နှင့်ပင် ဆရာမြင်းမူ မောင်နိုင်မိုး၏ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိသည်။

'ချစ်စရာ့ပန်းချီ. . . . . အမှွမ်းတွေနဲ့
ကစ္စပနဒီကမ်းရဲ့. . . . ငြိမ်းချမ်းတဲ့ဆည်းဆာရီ။
ဆွေသမုတွေရဲ့. . . . မေယုမြေကိုယ်လာတော့. . .
ညို့ပြာပြာအုန်းညိုတန်းရယ်. . . . လွမ်းကျန်ခဲ့ပြီ'။

မှန်ပေသည်။ မျက်စိကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊ မင်းပြား၊ မြောက်ဦးစသည့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများကို အခေါက်ခေါက်အခါခါ ရောက်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ရိုးမ တောင်တန်းကြီးများရှိရာသို့ သွားရမည်ဆိုသည်နှင့် ကျွန်မတို့အားလုံး လွမ်းတသသနှင့် ပျော်ရွှင် တက်ကြွ နေခဲ့ကြစမြဲပင်။

အမှန်တကယ်အားဖြင့် **ကျွန်မတို့သည် ၂၀၀၀ ပြည့်နှစ်မှစ၍ယနေ့အထိ မျက်စိကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ခုနှစ် တစ်နှစ်အတွင်းမှာပင် ခရီးစဉ်ပေါင်း (၁၅)ကြိမ်ရှိခဲ့ပြီ။ မြန်မာနိုင်ငံအနှံ့အပြား ပြည်နယ်နှင့်တိုင်းအသီးသီးမှ မျက်စိဝေဒနာရှင်ပေါင်းလေးသောင်းကျော်ကို အခမဲ့ ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာပေါင်း ၃၆၀၅ ဦးကို မျက်စိအလင်းပေးနိုင်ခဲ့ပြီဖြစ်ရာ ၂၀၀၇ ခုနှစ်သည် စံတင်လောက်သည့်နှစ်ဟု ဆိုရပေမည်။**

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသပြီးသူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

ဤသို့ဖြင့်ပင် ယခုနှစ် ၂၀၀၈ခု နှစ်ဦးအစတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှု အစီအစဉ်အတွက် စစ်တွေမြို့သို့ သွားရောက်ခဲ့ရသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ဘက်ပိုင်းတွင်တည်ရှိပြီး အရှေ့ဘက်တွင် စိမ်းညို့ပြာမှိုင်းနေသည့် နွယ်ချိုဖိုးခေါင်ရိုးမတောင်တန်း၊ အနောက်ဘက်တစ်ခွင်တွင် ရှုမဆုံးသည့် ပြာလဲ့လဲ့ဘင်္ဂလားပင်လယ်အော်ကြီးနှင့် ကြည့်လေတိုင်း စိမ်းစိမ်းမြမြ တောတောင်အရပ်ရပ်၊ မြစ်ချောင်းအင်းအိုင် အထပ်ထပ် နှင့်ကြည်နူးစရာကောင်းလှပေသည်။ရခိုင်ဒေသအတွင်းမှာပင် ဓညဝတီဟုခေါ်သော စစ်တွေ၊ မေဃဝတီခေါ်သည့် မာန်အောင်၊ ရမ္မာဝတီဟုခေါ်သော ရမ်းဗြဲ၊ ဒွါရဝတီဟုခေါ်သည့် သံတွဲစသည့် ဝတီလေးရပ်ဖြင့် ဖွဲ့စည်းထားသလို ရခိုင်ဒေသ၏ မြို့လေးများမှာလည်း သူ့အဓိပ္ပာယ်နှင့်သူ ထင်ရှားသည့် သမိုင်းကြောင်းများဖြင့် ချစ်စရာလှပနေပေသည်။ **'ဓည'**ဆိုသည်မှာ ဆန်စပါး၊ **'ဝတီ'**ဆိုသည်မှာ ပေါများရာအရပ်။ ထို့ကြောင့် **'ဓညဝတီ'**ဟူသည် **'ဆန်ရေစပါး ပေါများကြွယ်ဝရာအရပ်'**ဟု ရှေးအတိတ်ကပင် သမိုင်းကြောင်းဝင့်ထည်ခဲ့ရာ ဒေသတစ်ခုဖြစ်ပေသည်။

ကျွန်မတို့အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ စစ်တွေလေဆိပ်ရောက်သည်နှင့် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် ပြည်နယ်မျက်စိအထူးကု ဆရာဝန်ကြီးများ၊ မြို့မိမြို့ဖများက လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပေသည်။ ကျွန်မတို့အဖွဲ့တည်းခိုရမည့် စစ်တွေဟိုတယ်တွင် နံနက်စာစားသောက်ပြီးသည်နှင့် စစ်တွေဆေးရုံသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ပြင်ပလူနာ ကြည့်ရှုမည့်နေရာ၊ လူနာများ၊ လူနာစောင့်များ စောင့်ဆိုင်းနားနေရမည့်နေရာ၊ ခွဲစိတ်ခန်းတွင် ပြင်ဆင်ထားရှိမှု အခြေအနေများကိုကြည့်ရှု ကြပြီးနောက် လုပ်ငန်းများစတင်နိုင်ရန် တာဝန်ခွဲဝေပေးခဲ့ကြသည်။ ဆေးရုံအစည်းအဝေးခန်းမကို ပြင်ပလူနာ ကြည့်မည့်နေရာအဖြစ် သတ်မှတ်ပြီး ထုံးစံအတိုင်း စားပွဲတစ်လုံးတွင် ဆရာဝန်နှစ်ဦးက လူနာနှစ်ဦး တစ်ပြိုင်နက် ကြည့်နေကြပြီဖြစ်သည်။ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာနန်းအိရွှေစင်၊ ဒေါက်တာ တင်အေးခိုင်၊ ဒေါက်တာအေးမိုးထက်၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာ မောင်မောင်မျိုးဝင်းနှင့် ဒေါက်တာအောင်နေဦးတို့ လူနာစတင်ကြည့်ရှုသည်နှင့် ဆရာဝန်နှင့် လူနာကြား ဘာသာစကားမှအစ အဘက်ဘက်မှ အဆင်ပြေချောမွေ့စေရေးအတွက် အစ်မကြီး ဒေါက်တာခင်ဆန်းနွယ်နှင့် ဒေါက်တာစန္ဒာအောင်တို့ ဦးဆောင်ကြီးကြပ်၍ လူမှုရေးအသင်းအဖွဲ့ဝင်များက အနီးကပ်ကူညီပေးခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ရန်ကုန်မြို့မှ ဆရာမလေးများ ဖြစ်ကြသော နော်လွဲကပေါ၊ ဒေါ်ဝင်းပပ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ယုဝါမောင်၊ ဒေါ်စန္ဒာလှိုင်၊ ဒေါ်သင်းလဲ့စိုးနှင့် Alcon ကုမ္ပဏီမှ ကိုတင်ထွန်းဝင်းတို့ကလည်း ခွဲစိတ်ခန်းတွင်းဝယ် မိုက်ခရိုစကုပ်များ တပ်ဆင်နေကြပါသည်။ အခြားခရီးစဉ်များနှင့် မတူညီသည်က စစ်တွေမြို့တွင် မျက်စိအထူးကုဆရာဝန်နှစ်ဦးရှိရာ မလာမီတစ်ပတ်အလိုကတည်းကပင် ဒေါက်တာဦးမိုးကျော်က အတွင်းတိမ်လူနာများကို ကြိုတင်ရွေးချယ်ထားပြီးဖြစ်သဖြင့် ကျွန်မတို့အဖွဲ့ ရောက်လာသည်နှင့် လူနာ ၁၀၀ခန့် ခွဲစိတ်ရန် အသင့်ရှိနေခဲ့ကြသည်။ ထို့ကြောင့် ပါမောက္ခ ဒေါက်တာကံညွန့်၊ ပါမောက္ခ ဒေါက်တာမြအောင်၊ ဒေါက်တာသူဇာဟန်တို့က ဦးဆောင်၍ ဒေါက်တာမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာ ချောဝေလွင်တို့က လူနာခုနစ်ယောက်ကို မိုက်ခရိုစကုပ်ခုနစ်လုံးဖြင့် တစ်ပြိုင်နက်စမ်းသပ် ခွဲစိတ်နိုင်ခဲ့ကြပေသည်။

ပြင်ပလူနာကြည့်ရှုရာတွင်လည်း မြို့နယ်အလိုက်၊ နေ့အလိုက် စနစ်တကျခေါ်ယူထားရာ ပုဏ္ဏားကျွန်း၊ မြေပုံ၊ မင်းပြား၊ မောင်တော၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များပြားစွာလာရောက်ခဲ့ကြသည်။ ယင်းသို့ ပြသနိုင်ရန်အတွက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်လခန့်ကြိုတင်၍ ကျေးရွာအရောက် တစ်အိမ်တက်ဆင်း လိုက်လံ ဆော်ဩခဲ့ကြသည်။ ထို့ကြောင့်ပင် ကျွန်မတို့ရောက်သွားသည့်အခါ စစ်တွေဆေးရုံဝင်းအတွင်းနှင့် စစ်တွေတစ်မြို့လုံး လူနာများ၊ လူနာစောင့်များဖြင့် ပြည့်လျှံကာ ကြက်ပျံမကျ ဖြစ်နေခဲ့ သလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဦးကျော်ရင်၊ ဒေါက်တာ ဦးမိုးကျော်နှင့် တာဝန်ရှိသူများ၏ ရခိုင်သံဝဲဝဲ အသံစာစာကို မနားတမ်း ကြားနေရပြီဖြစ်သည်။ ကျွန်မတို့နှင့်အတူ လိုက်ပါလာခဲ့သော ခရီးစဉ်အစအဆုံး စီစဉ်ဆောင်ရွက်နေရသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် Golden Wax ကုမ္ပဏီမှ အလှူရှင်များမှာ မကြုံစဖူးထူးကဲသော လူအုပ်ကြီးကိုကြည့်၍ အံ့ဩနေကြသလို တစ်ဖက်မှလည်း စိုးရိမ်စိတ်ဖြင့် 'အားလုံးကိုကြည့်ပေးပါနော်၊ လိုအပ်တာမှန်သမျှအားလုံးကို ဖြည့်ဆည်းပေးမှာပါ'ဟု ပြောရင်းစိတ်လှုပ်ရှားနေခဲ့ကြသည်။

ရခိုင်ပြည်နယ်တွင် တွေ့ရှိရသည့် လူနာများမှာ ထုံးစံအတိုင်း အတွင်းတိမ်လူနာက အများဆုံးဖြစ်ပြီး၊ ရေတိမ်ရောဂါသည်၊ မျက်သားတက်လူနာ၊ မျက်ကြည်လွှာအနာ၊ ထိခိုက်ဒဏ်ရာလူနာ၊ မျက်မှန်ပါဝါလိုအပ်သူများအပြင် မြင်လွှာကွာသည့် လူနာများကိုပါတွေ့ရှိခဲ့ရသည်။ ထို့အပြင် အခြားဒေသများတွင် တွေ့ရခဲလှသည့် (Retinitic Pigmentosa) ဟုခေါ်သော ဝမ်းတွင်းပါ မြင်လွှာရောဂါတစ်မျိုးကို တွေ့ရှိ ခဲ့ရသေးသည်။ မိသားစုတစ်စုတွင် သားသမီးခုနစ်ဦးရှိသည့် အနက်ငါးဦးမှာ ၎င်းရောဂါခံစားနေရပြီး အမြင်အာရုံဆုံးရှုံးနေကြသည့် လူနာများကို ထူးထူးခြားခြား တွေ့ရှိခဲ့ရပေသည်။ ၎င်းရောဂါမှာ ညဘက်မမြင်ရသည့် ရောဂါတစ်မျိုးဖြစ်ပြီး ဗီတာမင်အေချို့တဲ့သူများနှင့် ဆင်တူယိုးမှားဖြစ်တတ်သည့် မျိုးရိုးလိုက်တတ်သော ရောဂါတစ်မျိုးဖြစ်သည်။ မျက်လုံးတွင်းသို့ ပြင်ပမြင်ကွင်းမှ အလင်းတန်းများကို ပုံရိပ်ထင်စေနိုင်သည့် မြင်လွှာရှိ အာရုံခံဆဲလ်များ ပျက်စီးခြင်းပင်ဖြစ်သည်။ ယင်းအာရုံခံဆဲလ်များက အလင်းပုံရိပ်ကို လျှပ်စီးစွမ်းအင်အဖြစ်သို့ ကူးပြောင်းပေးပြီး စက္ခုအာရုံကြောဆီသို့ လက်ဆင့်ကမ်းပေးရပါသည်။ အလင်းစွမ်းအင်သည် လျှပ်စီးစွမ်းအင်အဖြစ်သို့ ကူးပြောင်းမလာသည့်အခါ အမြင်အာရုံသည် ပေါ်မလာနိုင်တော့ဘဲ အမြင်အာရုံ ဆုံးရှုံးကြရခြင်းဖြစ်သည်။ လူတစ်ထောင်တွင် ငါးယောက်နှုန်း ဖြစ်တတ်ပြီး ရခိုင်အခေါ် သမီးမြောက်သားချင်း လက်ဆက်ပေးစားခြင်း (သွေးသားနီးစပ်သူ မောင်နှမသားချင်း လက်ဆက်ခြင်း)ကြောင့် မျိုးရိုးလိုက်ရခြင်းဖြစ်ရာ ဆွေးနွေးပညာပေးခြင်းများ ပြုလုပ်ရပေသည်။ ၎င်းရောဂါကိုကုသရန် ကုထုံး မရှိသေးသော်လည်း နောက်ဆက်တွဲရောဂါများဖြစ်သည့် အတွင်းတိမ်၊ ရေတိမ် ရောဂါများကိုမူ ဖြေရှင်း ကုသပေးနိုင်ပေရာ မျက်စိဆရာဝန်နှင့် ဆက်လက် စစ်ဆေးမှုများပြုလုပ်ရန် ပညာပေးမှာကြားကြရပါသည်။

ရခိုင်ဒေသသည် ယခင်က ပြည်မနှင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့ရသော်လည်း ယခုလက်ရှိအခြေအနေမှာမူ ရခိုင်ဒေသတစ်ခုလုံး လမ်းသစ်၊ တံတားသစ်များအပြင် ဆက်သွယ်ရေးအော်တိုတယ်လီဖုန်းလိုင်းများ၊ လျှပ်စစ်မီးများ၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် အဘက်ဘက်မှ ခေတ်မီတိုးတက်နေသည်ကို တွေ့မြင်နိုင်ကြပေသည်။

ယခုလို ကျွန်မတို့ မျက်စိဆရာဝန်များအနေဖြင့် ရခိုင်ပြည်သူများရှိရာ အရောက်လာပြီး ပြည်နယ်မျက်စိ အထူးကုဆရာဝန်များနှင့် ပူးပေါင်း၍ ကုသမှုများပေးနိုင်ခဲ့ခြင်းကပင် ထိရောက်သည့် ကုသမှုမရရှာသည့် အတွင်းတိမ်လူနာများ၊ ကျန်းမာရေးအသိအမြင်နည်းပါး လှသည့် ကျေးလက်နေပြည်သူများကို ရှာဖွေဖော်ထုတ် နိုင်ခဲ့ခြင်းဖြစ်သလို မျက်မမြင်ဦးရေကို များစွာလျှော့ချပေးနိုင်ခြင်းကြောင့် ကျွန်မတို့ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကိုလည်း တစ်ပါတည်းဖော်ဆောင်ပြီး ဖြစ်နေပေတော့သည်။

ရခိုင်ပြည်နယ်အနေဖြင့် လူတစ်သိန်းလျှင် ၁၅၀၀ နှုန်းဖြင့် အတွင်းတိမ်ကြောင့် မျက်စိကွယ်နေကြရသည်။ ပင်လယ်ရေပြင်မှ အလင်းပြန်လာသည့် နေရောင်ခြည်နှင့် အလင်းပြန်ဟပ်ခံနေရသည့် ပင်လယ်ပျော်ရေလုပ်သားကြီးများသည်မျက်စိထိခိုက်ဒဏ်ရာ၊ ရေတိမ်၊ မျက်နက်ရောင်ရောဂါ၊ မျက်ကြည်လွှာ ရောင်ရမ်းနာများကို သေချာစွာ မကုသခဲ့၍ ဆွယ်ပွား ထိခိုက်မှုများကြောင့် အတွင်းတိမ်ဖြစ်ပြီး မျက်စိကွယ်ရသူ များပြားရခြင်း ဖြစ်သည်။ ဤခရီးစဉ်တွင် အဆိုပါ ရောဂါများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြသည်။ နောက်တစ်နေ့ နံနက် ၇နာရီမှစ၍ ခွဲစိတ်ပြီး လူနာများကို တစ်စုတစ်ဝေးတည်း စုစည်းပြီး အုပ်ထားသည့် ဂွမ်းစကိုဖယ်၊ သန့်ရှင်းရေးလုပ်ပေး၊ မျက်စဉ်းခတ်ပေးပြီးနောက် အမြင်အာရုံစမ်းသပ်ကြချိန်တွင် အလင်းသစ်တို့နှင့် အတူ ပီတိတွေဝေဖြာနေသည့် ရခိုင်တိုင်းရင်းသားတို့၏ အပြုံးမျက်နှာများက ကြည်နူးစရာပင်။ စီစဉ်ပံ့ပိုး ပေးသူ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး အစ်မကြီးဒေါ်မြသီဂီ၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၏ အပြုံးမျက်နှာများ၊ အလှူရှင်၏ လက်ကို ကိုင်လှုပ်ရင်း မျက်ရည်လည်ရွှဲ ဝမ်းသာ ဝမ်းနည်း စကားဆိုနေသည့် ရခိုင်တိုင်းရင်းသားကြီး၏ စကားသံများ၊

စာမျက်နှာ ၇ ကော်လံ ၁ ❑

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ရုရှားနိုင်ငံသံအမတ်ကြီးနှင့် Nobel Oil ကုမ္ပဏီဥက္ကဋ္ဌတို့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail M. MGELADZE နှင့် Nobel Oil Company ဥက္ကဋ္ဌ Mr. Grigory GUREVICH တို့သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Mikhail M. MGELADZE နှင့် Nobel Oil Company ဥက္ကဋ္ဌ Mr. Grigory GUREVICH တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဂန္ဓမာလမ်းနေ ဦးထိုက်သူ–ဒေါ်မေသက်ထွန်း မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်း လက်ခံယူစဉ်။ (က–ပ)

ဓမ္မစေတီဆရာတော်၏ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဓမ္မပူဇာမင်္ဂလာအသင်းမှ ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ထေရဝါဒဓမ္မသဘင်ပွဲကို လှည်းကူးမြို့နယ် နိဗ္ဗာန်ဆိပ်ဦး မဟာစည် သာသနာ့ရိပ်သာဓမ္မရင်ပြင်၌ ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင်ကျင်းပမည်ဖြစ်ရာ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ(သာသနတက္ကသိုလ မဟာဓမ္မာစရိယ M.A Buddhism)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ထို့အတူ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လသည် (၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်)ဖေဖော်ဝါရီ ၁၈ရက် (တနင်္လာနေ့)တွင် အလှူရှင် (ဦးအောင်သန်း)–ဒေါ်စိမ်း၊ မာစေ–ပရဆေးမိသားစု ၃ ရပ်ကွက် အဖျောက်မြို့၏ ရပာန်းခံရှင်ပြုအကြို ဓမ္မပူဇာတရားပွဲကို မဟာသံတန်ဆောင်းတော်ကြီးတွင် ည ၇ နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဖြူးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ၂၁လမ်း ဘူတာတောင်ရပ်ကွက် ဖြူးမြို့ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၁၂၇)တွင်(၉၆)ကြိမ်မြောက် အထူးတရားစခန်းပွဲကို (၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်မှ ၉ရက်) ဖေဖော်ဝါရီ၂၄ ရက်မှ မတ် ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်၃လမ်းမနှင့် နွယ်ခွေလမ်းရှိ မဟာစန္ဒာရုံဝိပဿနာဓမ္မရိပ်သာ ကျောင်းတိုက်မှအဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ အရှင်စန္ဒသိရီ(ရေကြည်)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားလာရောက်အားထုတ်နာကြားနိုင်ကြောင်း သိရသည်။ (က–ပ)

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျောင်းပရာအမှတ်(၁၀)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှတင်မြင့်နှင့် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြစ်ရေတင်လုပ်ငန်းနှင့် နွေစပါးစိုက်ပျိုးမှုကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်စိုက်ပိုးမြှင့်အဖွဲ့ဝင်များသည်ဓနုဖြူမြို့နယ် အကျော်ကျေးရွာအုပ်စု အကျော်ရွာရှိ လျှပ်စစ်မြစ်ရေတင် လုပ်ငန်းစီမံကိန်းသို့ သွားရောက်ပြီး နွေစပါးစိုက်ပျိုးပြီးစီးမှု၊ တောင်သူများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ထားရှိသည့် ငွေကျပ်သိန်း ၃၀ ခန့် တန်ဖိုးရှိ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်ဖြင့် ရေတင်ဆောင်ရွက်နေမှု၊ ဆင်းနွယ်ရင်၊ SRI၊ UMMSRI ဆင်းသွယ်လတ် စပါးမျိုးများအား ဘောင်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် ၂၀၀၈–၂၀၀၉ခုနှစ်တွင် စိုက်ပျိုးနိုင်ရန်အတွက် ခြစည်းရိုးကြက်ဆူများအား ကိုင်းဖြတ်ပျိုးထောင်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(က–ပ)

မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယကဆရာတော် ဓမ္မာစရိယ ဓမ္မကထိက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇနိတာလင်္ကာရ ဆရာတော်ကြီး တည်ထောင်တော်မူသော အင်းတကော် ကြက်မောက်ကုန်း မိုးကုတ်ဇနိတာရာမတောရ ဓမ္မရိပ်သာကြီး၏ ပဓာနနာယကကျောင်းဆောက်လုပ်ရန်အလှူငွေကျပ် သိန်း ၂၀ ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ အလှူရှင် ဦးသံလျှင်–ဒေါ်မြင့်မြင့်ကြည်၊ သမီး နိုင်နိုင်စန္ဒာ၊ ခင်ခင်စန္ဒာ၊ ဆွေသန့်စန္ဒာ၊ သား မောင်အောင်အောင်ဆင့်တို့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ မိုးကုတ်ဝိပဿနာ ဇနိတာရာမကျောင်းတိုက်၌ ဇနိတာရာမဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

❑ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

"ကျေးဇူးတင်တယ်ဆိုတဲ့ စကားနဲ့မလုံလောက်ပါ၊ အရင်တုန်းက မျက်စိမမြင်ရတဲ့အတွက် ကိုယ့်ကိုယ်ကို သတ်သေချင်မိပြီး ဘဝဆုံးနေခဲ့ရပါတယ်။ အခုတော့မြင်ရပြီ၊ လင်းပြီဖြစ်လို့ မသေချင်သေးပါ။ မေတ္တာတွေ ပို့ပေးရပါဦးမယ်။ မသေခင်သာ ကုသိုလ်ကောင်းမှုပြုလို့ရတာ မျက်မမြင်ဘဝမှာ ဘာကုသိုလ်စိတ်မှမရှိနိုင်။ အခုလို အဘိုးမျက်စိအလင်းရအောင်လုပ်ပေးခဲ့တဲ့ ဆရာဝန်ကြီးတွေနဲ့ အလှူရှင်တွေကို အဘိုးလေ . . . "ရိုးသားလှသည့် အဘိုးအိုတို့၏ ဆုပေးသံများက ဆို့နင့်တိုးတိတ်စွာ။ မိမိတို့၏ စစ်မှန်သော အလှူဒါနအတွက် အံ့သြတုန်လှုပ်စွာ ဂုဏ်ယူဝမ်းမြောက်နေသည့် အလှူရှင်တို့၏ ပီတိမျက်နှာ မြင်ကွင်းများက လှပအသက်ဝင်လှသည့် ပန်းချီကားချပ်များသဖွယ်။

ထိုစဉ် ဒေါက်တာဦးမိုးကျော်က ရခိုင်ဘာသာဖြင့် ခွဲစိတ်ပြီးနောက် ရှောင်ရန်ဆောင်ရန်များ ဟောပြောနေခဲ့သလို၊ အလှူရှင်များက လူနာတစ်ဦးလျှင် ငွေကျပ် ၅၀၀၀စီ၊ တာဝန်ရှိသူများက နေကာမျက်မှန်နှင့် မျက်စဉ်းဆေးဝါးများ ပေးလှူ နေကြသည်ကိုကြည့်ရင်း ခရီးစဉ်တစ်ခု အောင်မြင်မှု၏ရလဒ်ကို တွက်ချင့်နေမိသည်။

အမှန်တကယ်အားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသဖြင့် မည်သို့ပင် အမည်နာမ ကွဲပြားခြားနားနေပါစေ၊ ဤမြေ၊ ဤရေပေါ်တွင် အတူရပ်တည် ရှင်သန်နေကြသည့် ပြည်ထောင်စုသား သွေးချင်းများ၏ စက္ခုအလင်းကို ဖော်ဆောင်ပေးနိုင်ခဲ့ကြခြင်းကပင် ကျွန်မတို့အားလုံးရခဲ့သော အကျိုးရလဒ်များပင်။ ပြည်သူတို့၏ စက္ခုအလင်းကို ဖော်ဆောင်ရာတွင် မည်သည့်လမ်းကြောင်း၊ မည်သည့်ရည်ရွယ်ချက်များပင်ဖြစ်ပါစေ အမှောင်ကို ခွင်းအလင်းကိုဆောင်ပေးနိုင်ရေးသည်သာ ကျွန်မတို့အားလုံး၏ တူညီသော ဆန္ဒဖြစ်ပါသည်။

ထိုအခါ အလှူရှင်တို့၏ စိတ်ဆန္ဒကိုပါဖော်ပြချင်မိပြန်သည်။ ယခုအလှူရှင်တို့မှာ ဘာသာရေး၊ လူမှုရေး၊ ဆေးရုံဆေးခန်း၊ စာသင်ကျောင်းစသဖြင့် နေရာဌာနအသီးသီးတွင်ပုံစံ အမျိုးမျိုးဖြင့် လှူဒါန်းနေခဲ့ရာမှ ဤတစ်ကြိမ်တွင်တော့ တစ်ခါမျှမလှူဖူးသည့် ထူးခြားသည့် အလှူတစ်ခုဖြစ်လိုပါသည်ဆိုခြင်းကြောင့် ဤခရီးစဉ် ဖြစ်ပေါ်ခဲ့ရခြင်းပင်။ အမှန်တကယ်လည်း ထူးခြားသည့်အလှူအဖြစ် မော်ကွန်းတင်ရမည်သာ။ ၎င်းတို့၏စေတနာသုံးတန်ပြဋ္ဌာန်းသော ကုသိုလ်စိတ်ကြောင့်ပင် ကျွန်မတို့ ခွဲစိတ်မှုရာနှုန်းပြည့်အောင်မြင်စေရေး၊ ရေ၊ မီးအချိန်ပြည့် ပြည့်စုံစေခဲ့သည်။ ဆေးရုံတစ်ရုံလုံး လှပတင့်တယ်ရှင်းသန့်၍ မီးလင်းစေရေးလည်း ပါဝင်လှူဒါန်းခဲ့သည်။ ဆေးရုံခွဲစိတ်ခန်းပြုပြင်ပြင်ဆင်၊ မျက်စိခွဲစိတ်ခန်းသီးသန့်ပြင်ဆင်ခြင်း၊ Air Con လေးလုံးဖြင့် အေးမြနေစေရေးကအစ၊ မျက်စိခွဲစိတ်ခန်းသုံး အဝတ်အထည်ပစ္စည်း၊ ဖိနပ်ပါမကျန် ဖြည့်ဆည်းပေးခဲ့သည်သာမကသေး လာပြသည့်လူနာများအားလုံး မျက်စဉ်းဆေးဝါး၊ မျက်မှန်၊ ခွဲစိတ်ပြီးလူနာများနှင့် ဆေးရုံဝန်ထမ်းများ၏ စားစရိတ်ပါ တာဝန်ယူ အလှူကြီးပေးခဲ့ခြင်းကို ထူးခြားသည့် အလှူဟုမဆိုလျှင်မည်သို့ဆိုရတော့မည်နည်း။

ရယူရန်လွယ်သလောက် ပေးဆပ်ရန်ခက်ခဲလှသည့် လောကတွင် ကျွန်မတို့သည် ပြည်သူထံမှရယူရန် လာခြင်း မဟုတ်။ ပြည်သူ့ထံသို့ပေး ဆပ်ရန်လာခြင်းဖြစ်ရာ ကိုယ်ကျိုးမဖက်သည့် ကျွန်မတို့ဆရာဝန်များ၏ မေတ္တာနှင့်လုပ်အား အလှူ၊ အလှူရှင်၏ထူးခြားသည့် စေတနာများကရာဇဝင် တွင်ကျန်ရစ်ခဲ့မည်သာ။ ဤသို့ဖြင့် ကျွန်မတို့သည် လူနာပေါင်း ၅၁၂၀ကို ကြည့်ရှုပေးခဲ့ပြီး လေးရက်အတွင်း အတွင်းတိမ်လူနာ၆၀၃ဦးကို အလင်းပေးနိုင်ခဲ့ပေပြီ၊ မျက်မှန်ပါဝါလိုအပ်သူ ၄၄၅ဦးကို မျက်မှန်ပေးလှူခဲ့ကြပြီး အလင်းအောင်ပွဲ အခမ်းအနားကို မြိုမြိုမြိမ့်မြိမ့်သဲသဲကျင်းပနိုင်ခဲ့ကြပေပြီ။

ကျွန်မတို့သည် ရခိုင်ပြည်သူများအတွက် **'ဘဝ အလင်းရောင်ပေးသူ'** များပေလားဟု ဂုဏ်ယူဝမ်းမြောက်နေမိသည်။ ထိုအခါ ခရီးစဉ်အောင်မြင် ဖြစ်မြောက်အောင် စီစဉ်ပံ့ပိုးပေးသူနှင့် အလှူရှင်များက လမင်းတစ်စင်းဆိုပါလျှင် ကျွန်မတို့ မျက်စိဆရာဝန်များသည် လင်းလက်တောက်ပနေသည့် ကြယ်တာရာလေးများပေါ့. . . ။ သည်တော့လည်း ဧည့်ဝတီမှာသာတဲ့လမင်း ကမ္ဘာတည်သရွေ့ လင်းစေသောဝ်ဟူ၍သာ ဆုတောင်းနေမိပါတော့သည်။ ။

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စုစုအားရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာ လမ်းသစ်တက္ကသိုလ်ရိပ်မွန်နေအငြိမ်းစား ပါမောက္ခချုပ်ဒေါက်တာ စိုးဝင်း၊ ပါမောက္ခ ဒေါ်မေစောလွင်၊ သား၊ သမီးမြေးတစ်စုကငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က–ပ)

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံသစ်၏ အမှတ်(၁) ပန္နက်တိုင်ကို ပန္နက်တင်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Myanmar International Convention Center) (MICC) အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါအဆောက်အအုံ တည်ဆောက်မည့် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် အမှတ်(၁) ပန္နက်တိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းကလည်းကောင်း၊ အမှတ်(၂)ပန္နက်တိုင်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လည်းကောင်း၊ အမှတ်(၃)ပန္နက်တိုင်ကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လည်းကောင်း၊ အမှတ်(၄) ပန္နက်တိုင်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုက လည်းကောင်း ပန္နက်တင်ပေးကြပြီး ပန္နက်တော်များကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

နေပြည်တော်တွင် တည်ဆောက်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Anhui Foreign Economic Construction (Group)Co.,Ltd (AFECC) က တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

နဝမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံ

၂၀၀၈ ခုနှစ်၊ မတ်လ (၁)ရက်

အစည်းအဝေးခန်းမ

ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်

အမှတ်(၂) အခြေခံပညာဦးစီးဌာန ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမှတ်(၂) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) မိသားစု၏ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်း ပညာရေးမှူးနှင့် ရုံးသူ၊ ရုံးသားများ တက်ရောက်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အမျိုးသားပညာဌာန(က)အသင်းနှင့် အမျိုးသမီးဘဏ္ဍာဌာန(က)အသင်းတို့အား ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ပထမဆုရရှိသော အမျိုးသား ဘဏ္ဍာဌာန(က)အသင်းနှင့် အမျိုးသမီးပညာဌာန(က)အသင်းတို့အား ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	"တရားဘယ်လိုကျင့်ရမလဲ"တရားတော် (ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ)
၈:၀၅–၂:၀၅	၂၀၀၆ခုနှစ် အကယ်ဒမီညမြင်ကွင်းများ
၈:၂၅–၂:၂၅	တစ်ပတ်အတွင်းအားကစားသတင်း
၈:၄၀–၂:၄၀	စိန်ရတုအကြိုစာအုပ်ဈေးပွဲတော်
၈:၅၀–၂:၅၀	ခေတ်မီပြည့်စုံ ဗန်ကောက်ဆေးရုံ
၉:၂၀–၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀–၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅–၃:၃၅	မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ
၉:၄၅–၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀–၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅–၃:၅၅	ရေညှောင့်နုတ်ဝိုင်းငှက်များ မျိုးမသုဉ်းစေရန် ကာကွယ်ထိန်းသိမ်းမှုအလုပ်ရုံဆွေးနွေးပွဲ
၁၀:၂၀–၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅–၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀–၄:၃၀	**ဇင်ဇင်နှင့်ခြင်ကျား (ဇင်ဇင်ဇော်မြင့်၊လင်းလင်းဇော်မြင့်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
၁၀:၄၀–၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀–၄:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅–၄:၅၅	ပျော်ရွှင်စရာ UTOPIA TOWER
၁၁:၁၅–၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀–၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅–၅:၂၅	မြတ်ဗုဒ္ဓအလိုတော်ကျ ချမ်းသာစစ်ချမ်းသာမှန် ရရှိစေမည့် တရားတော် [ဒေါက်တာချစ်ငယ်(ဒဿန)Ph.D]
၁၂:၀၀–၆:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၃၀–၆:၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း–၃)
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ပဉ္စမအဆင့် ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Bristol-Southampton	Star Sports (Live)
၉:၂၅	Chelsea-Huttersfield	ESPN (Live)
၉:၂၅	Liverpool-Barnsley	Star Sports (Live)
၁၁:၄၀	Man Utd-Arsenal	Star Sports (Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Juventus-Roma	5-Cartoons(Live)

ဗိအားတွေများလာတဲ့ မန်ယူနဲ့ ခြေထက်နေတဲ့ အာဆင်နယ် ထိပ်တိုက်တွေ့တဲ့ FA Cup

ဝင်းတင်(ကြေးမုံ)

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာတော့ ပရီမီယာလိဂ် ပွဲစဉ်များ ရပ်နားပြီး FA Cup ပဉ္စမအဆင့် ပွဲတွေကို ကျင်းပမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ဆုံတွေ့မယ့် မန်ယူနဲ့ အာဆင်နယ်ပွဲကတော့ ပွဲကြီး ပွဲကောင်းလို့ ဆိုနိုင်ပါတယ်။ ဒီနှစ်သင်း ဆုံတွေ့လေတိုင်း ပြိုင်ဆိုင်မှု ပြင်းထန်လေ့ရှိပါတယ်။

လက်ရှိအခြေအနေအရ မန်ယူဟာ ခြေနည်းနည်းယိုင်နေတယ်လို့ ဆိုရပါမယ်။ မန်ယူမှာ ဒဏ်ရာအနည်းငယ်ကြောင့် နားနေရတဲ့ အီဗရာ၊ အသင်းခေါင်းဆောင် ဂယ်ရီနဗီးနဲ့ တစ်ပွဲ ပွဲပယ်ပြစ်ဒဏ်က လွတ်မြောက်လာတဲ့ ရွန်နေးတို့ လူစုံ ပြန်လည်ပါဝင်လာမှာဖြစ်ပါတယ်။

အီဗရာ ပြန်လည်ပါဝင်လာတဲ့အတွက် နောက်တန်းမှာ အနည်းငယ် စိတ်ချရတယ်ဆိုပေမယ့် ဖာဒီနန်ဘက်က အမှားများနေတာကို တွေ့ရပါတယ်။

ရှေ့တန်းမှာ ရိုနယ်ဒို၊ ရွန်နေးနဲ့ တီဗက်စ်တို့ တိုးအားကောင်းသလောက် အလယ်တန်းနဲ့ နောက်တန်းကတော့ အားရစရာမရှိပါဘူး။

ဒီလို မန်ယူဘက်က ခြေယိုင်နေချိန်မှာ အာဆင်နယ်ခြေကတော့ ကောင်းလွန်းနေပါတယ်။ အာဆင်နယ်မှာ အာဖရိကဖလားပွဲက ပြန်လာတဲ့ တိုရေးနဲ့ အီဘိုယေးတို့ ပြန်လည်ပါဝင်လာဖို့ သေချာသလောက်ရှိပါတယ်။ အာဆင်နယ် အလယ်တန်းမှာ ဖာဘရီဂက်စ်၊ ဖလာမီနီ၊ လတ်လ်ဘ်တို့ အတွဲက တွဲဖက်ညီလှပါတယ်။ ကွင်းလယ်မှာ ရိုဆစ်စကီး ပါဝင်ဖို့ မသေချာပေမယ့် ရှေ့တန်းက ဗန်ပါစီကတော့ ပွဲတစ်ဝက်ခန့် ပါဝင်ကစားဖို့ သေချာနေပါတယ်။ အကယ်၍ ဗန်ပါစီ မပါဝင်နိုင်ခဲ့သော်လည်း အာဆင်နယ်ရဲ့ ဂိုးသွင်းဘုရင် အဒီဘာယောနဲ့ ဒါဆေးလ်ဗားတို့ နားလည်မှုရှိပြီး တွဲဖက်မိနေပါတယ်။

ဒီနှစ်သင်းကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် ဂိုးသမားနေရာမှာ လေမန်းထက် ဗန်ဒါဆာက အနည်းငယ်သာပါတယ်။

နောက်တန်းနှင့် ရှေ့တန်းမှာ တူညီမှုရှိပြီး ကွင်းလယ်မှာ အာဆင်နယ်က သာသယောင်ရှိပါတယ်။

ဒါကြောင့်ဒီပွဲရဲ့ မိနစ်ကိုးဆယ် အဖြေဟာ သရေလို့ ဆိုလို့ရသလို အာဆင်နယ်အနိုင်လို့လဲ ပြောလို့ရနိုင်ပါတယ်။

ဒီတစ်ပတ် စနေညပွဲများမှာ မန်ယူနဲ့ အာဆင်နယ် အကြိတ်အနယ်ရှိသလောက် ချယ်လ်ဆီးနဲ့ လီဗာပူးတို့ကတော့ ပထမတန်းက အသင်းငယ်လေးတွေနဲ့တွေ့ပြီး ပွဲက ချောင်လွန်းနေပါတယ်။

FA Cup ပဉ္စမအဆင့်မှာ–

ဘရစ္စတိုးလ်ရီဗာ – ဆောက်သမ်တန်၊ ကာဒစ်ဖ်–ဝုလ်၊ ချယ်လ်ဆီး–ဟက်ဒါဖီးလ်၊ ကိုဗင်ထရီ–ဝက်စ်ဘရွန်း၊ လီဗာပူး–ဘန်စလေ၊ မန်ယူ–အာဆင်နယ်၊ ရှဖီးယူနိုက်တက်–မစ်ဒယ်ဘရော၊ ပရက်စတန်–ပို့စ်မောက်တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

✱ ကချင်ပြည်နယ်မှ

တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ Victorious Glory International Pte., Ltd ကုမ္ပဏီဥက္ကဋ္ဌ Mr. Krivoshey Pavel နှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် Victorious Glory International Pte., Ltd ကုမ္ပဏီဥက္ကဋ္ဌ Mr. Krivoshey Pavel တို့သည် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးကြသည်။

ရုပ်သိမ်း

လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ ရက်က ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဗီးယားသမ္မတနိုင်ငံ သံရုံးတာဝန်ခံ Mr. Dragan Janekovic နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

ဇန်နဝါရီ ၁၁ ရက်နေ့ နံနက် ၄ နာရီခွဲတွင် ထန်းတပင်မြို့နယ် လေးသစ်ကျေးရွာနေ နော်ဂေးလာသည် နေပြည်တော် ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်း အတွင်းရှိ အများသုံး အိမ်သာအတွင်း၌ ဗုံးဖောက်ခွဲရန် ပြင်ဆင်နေစဉ် ရုတ်တရက် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ပြီး ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ်အဆင့်ရှိ စောဒီသောမူးသည် ယင်းနေ့ည ၇ နာရီခွဲခန့်တွင် ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဦးမောင်မောင်ဆပ်ကပ်ပြပွဲအနီး၌ ဗုံးဖောက်ခွဲရန် ပြင်ဆင်နေစဉ် ဗုံးပေါက်ကွဲပြီး စောဒီသောမူး သေဆုံး၍ အပြစ်မဲ့ပြည်သူ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သတင်းများထုတ်ပြန်ပေးခဲ့

အလားတူ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေး ဘူတာကြီးဝင်း အထူးတန်းလက်မှတ်ရုံအနီးရှိ အများပြည်သူသုံး ရေချိုးခန်း၊ အိမ်သာနှင့် ဘူတာကြီးအုတ်တံတိုင်း ခြံစည်းရိုး အကြား၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအား အများပြည်သူတို့ သိရှိနိုင်ရန် သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် နိုင်ငံအတွင်း အရေးကြီးနေရာများ၊ လူစည်ကားသော နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှုများ ထပ်မံလုပ်ဆောင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကိုလည်း ပြည်တွင်းသို့ စေလွှတ်လျက်ရှိကြောင်း သတင်းများ ထပ်မံရရှိထားသည်။

သို့ဖြစ်၍ အဆိုပါ အကြမ်းဖက်ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးမှုများ မပြုလုပ်နိုင်ရေးအတွက် အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲ ဖျက်ဆီးရေးသမားများ၊ အကြမ်းဖက် အဖျက်သမားများကို အထူးသတိပြု စောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး မသင်္ကာဖွယ် တွေ့ရှိပါက တာဝန်ရှိသူများထံသို့ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၂-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	တေးဂီတအစီအစဉ်
၈:၁၅	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	ကချင်ပြည်နယ် မိုးကောင်းတံတား
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၁:၄၅	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း-၉)**
၁၂:၅၀	၆။	**"ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ်" (ခန့်စည်သူ၊ချောရတနာ၊ ရတနာဖြိုးဖြိုးခိုင်၊လုလု၊ ကျော်ထူး၊ဟန်နီထွန်း၊မင်းခ၊ ဇေယျာ၊ရှက်တယ်၊နေယံ)**
၂:၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၀	၈။	ဂမုန်းရေလှောင်တမံ
၂:၄၅	၉။	International News.
၃:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၀	၄။	၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅:၁၀	၅။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅:၁၅	၆။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၃၀	၇။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	အလှရှာမယ်၊ လှကမ္ဘာဝယ်
၇:၀၀	၁၁။	တေးဂီတအစီအစဉ်
၇:၁၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၁၃)**
၈:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၁၃၆၉ (၂၀၀၇) ခုနှစ်၌ ကျင်းပသော အစိုးရဓမ္မာစရိယ စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး တတိယဂုဏ်ထူးရှင် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ တံဆိပ် ရရှိတော်မူသော ဟင်္သာတမြို့ ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက် တိုက်အုပ် စာချဆရာတော် ဘဒ္ဒန္တ တေဇနိယ အရှင်သူမြတ်အား ဂုဏ်ပြုပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေ)နေ့တွင် သဒ္ဓမ္မရတနာ အလယ်တိုက်ကြီး ရတနာ့ဗိမာန်ကျောင်းတိုက်တွင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကြေးမုံ The Mirror — ကမ္ဘာတစ်လွှား ထူးထူးခြားခြားသတ္တဝါများ

အကြီးဆုံးဇီးကွက်

ဥရောပလင်းယုန် ဇီးကွက်အမျိုးအစား ဇီးကွက် **(အပေါ်ပုံ)**သည် အရွယ်အစားအကြီးဆုံး ဇီးကွက် အမျိုးအစားဖြစ်သည်။ အဆိုပါဇီးကွက်၏ ပျံမွှမ်းအလျားသည် ၂၆လက်မမှ ၂၈လက်မ အထိရှိပြီး အလေးချိန်အားဖြင့် သုံးပေါင်မှ အများဆုံးရှစ်ပေါင်အထိရှိသည်။ အတောင်နှစ်ဖက်ဖြန့်ပါက အလျားငါးပေအထိရှိသည်။ ၎င်းတို့သည် အမြင်အာရုံစူးရှပြီး မြေပြင်ပေါ်မှ ရှဉ့်၊ ကြွက်အစရှိသည့် သေးငယ်သော သတ္တဝါငယ်များကို အလျင်အမြန်သုတ်ချီစားသောက်နိုင်စွမ်းရှိသည်။

ပင်လယ်ပြင်ခရီးဝေးနှင်သည့် ကဏန်းကြီး

၂၀၀၆ ခုနှစ် ဒီဇင်ဘာလက ယူနိုက်တက်ကင်းဒမ်း Bournemouth ပင်လယ်ကမ်းခြေတွင် အသက်ရှင်လျက် တွေ့ရှိခဲ့ရသည့် ပင်လယ်ကဏန်း (အမေရိကန် ကိုလံဘတ်စ် ကဏန်းကြီး) **(ဝဲပုံ)**သည် ခရီးမိုင် ၅၀၀၀ ကို ဖြတ်ကျော်ကူးခတ်လာခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါ ကဏန်းကြီးသည် ခြောက်လက်မ အရွယ်ရှိပြီး တောက်ပသောလိမ္မော်ရောင် အရောင်အသွေးရှိကာ ၎င်း၏ မူရင်းဒေသမှာ အမေရိကန်နိုင်ငံ ဖလော်ရီဒါအရှေ့ပိုင်း ဆာဂတ်ဆိုပင်လယ်မှဖြစ်သည်။ ကြမ်းတမ်းသော ပင်လယ်ပြင်ခရီး ကို သုံးလခန့် ကူးခတ်လာရဖွယ်ရှိပြီး ပင်လယ်ရေပြင်အပူချိန် ဒီဂရီအမျိုးမျိုးကို အန်တုဖြတ်ကျော်ခဲ့ရကြောင်း သိရသည်။

အရှည်ဆုံးမြွေ

အရှည်ဆုံးမြွေမှာ စပါးအုံးအမျိုးအစား မြွေမျိုးဖြစ်ပြီး အရှေ့တောင်အာရှဒေသမှ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အတွေ့ရများသည်။ ၁၉၁၂ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ တွေ့ခဲ့ရသော စပါးအုံးမြွေမှာ စံချိန်တင် အရှည်ဆုံးအဖြစ် သတ်မှတ်ဖော်ပြခဲ့ပြီး စုစုပေါင်း ၁၀ မီတာ (၃၂ ပေ ၉လက်မ) ရှည်ကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့သည်။

အရှည်ဆုံး အဆိပ်ပြင်းသည့်မြွေ

အရှည်ဆုံးအဆိပ်ပြင်းသည့်မြွေမှာ မြွေဟောက်ဘုရင် (King Cobra) ဖြစ်သည်။ **(ယာပုံ)** ၎င်း ကင်းကော်ဘရာ မြွေဟောက်မျိုးကို အရှေ့တောင်အာရှဒေသနှင့် အိန္ဒိယတို့တွင် တွေ့ရသည်။

၎င်းတို့သည် အများအားဖြင့် ၁၂ ပေမှ ၁၅ ပေခန့်အထိ ရှိတတ်ကြသည်။ ၁၉၃၇ ခုနှစ်က နေဂရီဆမ်ဘီလန် (ယခု မလေးရှား)တွင် တွေ့ခဲ့သည့် မြွေဟောက်ဘုရင်သည် ၅ ဒသမ ၇၁ မီတာ (၁၈ ပေ ၉ လက်မ)ရှိရာ တွေ့ရှိရသမျှသော အဆိပ်ပြင်းသည့် မြွေအမျိုးအစားများအနက် အရှည်ဆုံးအဖြစ် မှတ်တမ်းတင် ဖော်ပြခြင်းခံရသည်။

အဆိုပါ မြွေဟောက်၏ ဦးခေါင်းမှာ လူ့လက်သီးဆုပ်ခန့်ရှိပြီး အမြီးဖြင့် မြေထောက်၍ ရပ်လိုက်ပါက သာမန်လူတစ်ဦး၏ အရပ်ခန့်ရှိကြောင်း သိရသည်။

ကျောက်တစ်လုံးကြီးမြို့နယ် နောင်ကား–ပုန်းအယ်ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ကျောက်တစ်လုံးကြီးမြို့နယ် နောင်ကား–ပုန်းအယ် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ယင်းလမ်းသစ် အဝင်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ ဒေသခံတိုင်းရင်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**(ယာပုံ)**

အဆိုပါလမ်းသစ်သည် အရှည် တစ်မိုင် လေးဖာလုံ၊အကျယ် ၁၀ ပေ ရှိပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေး ရန်ပုံငွေမှ ငွေကျပ် ၁၂၈ သိန်း အကုန်အကျခံကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ရောင်းအားအကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

Beauty World Stationery Co.,Ltd ၏ ၂၀၀၇ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ Beauty World Stationery Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ထုတ်လုပ်မှုအင်ဂျင်နီယာ ဦးဇင်မောင်ဦးက ကုမ္ပဏီမှအသစ်ထုတ်လုပ်မည့် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့် Smart Correction Pen များအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၀၇ ခုနှစ်အတွက် ကုန်ပစ္စည်းအများဆုံး ဝယ်ယူရောင်းချပေးခဲ့သော ကုန်သည်ကြီးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

Beauty World Stationery Co.,Ltd မှ အရည်အသွေးမြင့် Boss Reynold Ball Pen, Boss Smart နှင့် Glory Gel Pen များ အပြင် Oval Correction Pen များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ထို့အပြင် အရည်အသွေးမြင့် Ball Pen နှင့် Correction Pen၊ ခဲတံများကိုလည်း သုံးစွဲသူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ထပ်မံထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Beauty World Stationery Co.,Ltd ၏ ၂၀၀၇ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲနှင့် ကုန်ပစ္စည်းအသစ်မိတ်ဆက်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင်လေးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့သော မနှင်းအဠလီအား ကျောင်းအုပ်ဆရာကြီး ဦးတင်ညွှန့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျောက်ပန်းတောင်းမြို့နယ်အသင်း အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ်၂၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးသုံးပါးအား ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသောအသင်းဝင်များ၏ သား၊သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို ကျင်းပမည်ဖြစ်ရာ ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းအထောက်အထားမိတ္တူများကို ဗိုလ်မှူးကြီးနေဝင်း (ငြိမ်း) ဖုန်း–၅၅၉၄၇၂၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)ဖုန်း–၀၉၅၁၄၇၉၀၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း–၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း–၆၆၆၄၅၆ တို့ထံ မတ် ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။ (က–ပ)

ဆင်ဆာမဲ့နှင့် ခိုးကူးခွေများ သတိပေးတားမြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့က ကြီးမှူး၍ ဆင်ဆာမဲ့ခိုးကူးခွေများ သတိပေးတားမြစ်ချက် မြေစိုက်ပိုစတာ စိုက်ထူပွဲကို ဖေဖော်ဝါရီ ၇ ရက်က မုဒုံမြို့နယ် ဗီဒီယိုအခြေခံ အဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အခြေခံ ဗီဒီယိုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်းတို့က ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်း မျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သတိပေးတားမြစ်ချက် မြေစိုက် ပိုစတာများကို မုဒုံမြို့နယ် မြို့မ(၂)ရပ် ကွက်နှင့်မြို့မ (၄)ရပ်ကွက် တို့ရှိ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ရုံးရှေ့၌ စိုက်ထူကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ၊ ဝေဠုဝန်ဂိုဏ်းကြီး၏ ဩဝါဒါစရိယ ပဲခူးတိုင်း ပြည်မြို့ ရွာဘဲနယ်မြေ စကားတောင်ရပ်ကွက် စကားတောင်ကျောင်း ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာစာရ၏ ထေရုပ္ပတ္တိ



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ကနောင်မြို့ မိုးမခရွာ ခမည်းတော် ဦးဘိုးအိမ်၊ မယ်တော် ဒေါ်မယ်တင် တို့မှ ၁၂၇၂ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၈၅ ခုနှစ်တွင် မြန်အောင်မြို့နယ် ကနောင်မြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အဘိုးအဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေပြုခဲ့သည်။ ၁၂၉၂ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် နံနက် ၉နာရီ ၂၇ မိနစ်တွင် ဆရာတော် ဘဒ္ဒန္တကလျာဏကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးဘိုးအိမ်၊ မယ်တော် ဒေါ်မယ်တင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကနောင် မြို့ ပုဇွန်ချောင်းကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကနောင်မြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ(အဂ္ဂမဟာပဏ္ဍိတ)စသော ဆရာတော်များထံတွင် ပိဋကတ် အခြေခံကျမ်းစာများကို သင်ကြားခဲ့သည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးများ၊ မန္တလေးမြို့ တောင်ပြင်၊ အနောက်ပြင်ရှိ ဘုရားကြီးတိုက်၊ မဟာနန္ဒိသေနာ ရာမတိုက်၊ မစိုးရိမ်တိုက်ဟောင်း၊ မိုးကောင်းကျောင်းတိုက်၊ခင်မကန်တိုက်တို့၌ သီတင်းသုံးတော်မူကာ ပိဋကတ်အကျော်အမော် ဆရာတော်ကြီးများထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို နေ့ဝါ၊ ညဝါဖြင့် တတ်မြောက်အောင်မြင်စွာ သင်ယူခဲ့သည်။

သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မြန်အောင်မြို့နယ် ကနောင်မြို့ဘုရားကြီးကျောင်းတိုက်၌ ရဟန်းသာမဏေ၊ ကျောင်းသား စသည်တို့အား သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဒွေမာတိကာ၊ အဋ္ဌကထာ၊ ဋီကာစသည်များကို ပို့ချတော်မူသဖြင့်လည်းကောင်း၊ ပြည်မြို့နယ်လုံးဆိုင်ရာ မဟာဝိနယာဓိက စာမေးပွဲကြီး၏ ကမ္မကာရကအဖွဲ့ဝင် အဖြစ်လည်းကောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တို့တွင် တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ဝေဠုဝန်)အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့တွင် ဝေဠုဝန်နိကာယ မဟာနာယကအဖြစ်လည်းကောင်း၊ ပြည်မြို့ စွယ်တော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရွှေပလ္လင်မော်ဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ စကားတောင်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူ၍ လဇ္ဇီပေသလ သိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဝိလာသာစာရအား နိုင်ငံတော်အစိုးရက ၁၉၉၅ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၈)နှစ်၊ သိက္ခာတော်(၇၈)ဝါအရ ၁၃၆၉ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ၁၀–၂–၂၀၀၈ (တနင်္ဂနွေနေ့) ည ၇နာရီခွဲတွင် သီတင်းသုံး တော်မူရာ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့၊ ရွာဘဲနယ်မြေ၊စကားတောင်ရပ်ကွက်၊ စကားတောင်ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီး အန္တိမ ဈာပနအခမ်းအနားကို ၁၆–၂–၂၀၀၈ရက် မွန်းလွဲ ၂ နာရီတွင် စကားတောင်ကျောင်းတိုက်၌ပင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာခြင်း လုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Victorious Glory International Pte., Ltd ကုမ္ပဏီတို့၏ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်း တစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာခြင်းလုပ်ကိုင်ရန် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Mikhail M. Getadze၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်နှင့် Victorious Glory International Pte., Ltd ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Krivoshey Pavel တို့ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဖားကန့်မြို့နှင့် ဟုမ္မလင်းမြို့အကြား ဥရုမြစ်ကြောင်းတစ်လျှောက် ရွှေနှင့် ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာခြင်း လုပ်ကိုင်ရန် စာချုပ်ကို လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။ (သတင်းစဉ်)

ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များ လုပ်ဆောင်ရန် ကြံစည်လျက်ရှိ ဖောက်ခွဲဖျက်ဆီးရေးသမားများအား သက်ဆိုင်ရာနှင့်အတူ ပြည်သူများက ပူးပေါင်းဖော်ထုတ်သွားကြရန် တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်တွင်း၊ ပြည်ပ အကြမ်းဖက် အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို ကြံစည်လုပ်ဆောင်လျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား